# ယေရှု
# ဘုရားသခင်တည်းဟူသောသားတော် သို့မဟုတ်
# ဘုရားသခင်၏သားတော်၊
# သမ္မာကျမ်းသည် သုံးပါးတစ်ဆူဘုရားအကြောင်းသွန်သင်ပါသလား။

## ယေရှုသည် တမူထူးခြားသည်

ဓမ္မသစ်ကျမ်းသည် သခင်ယေရှုအား ထူးခြားပြောင်မြောက်သည့် ပုဂ္ဂိုလ်တစ်ပါး အနေနှင့်တင်ပြထားသည်မှာ သံသယရှိဖွယ်မဟုတ်ပေ။ သူလုပ်ဆောင်သည့် နိမိတ်လက္ခဏာများအားဖြင့် သူ၌ရှိနေသည့် ထူးခြားပြောင်မြောက်သော အစွမ်းတန်ခိုး၏ သက်သေအထောက်အထားကို ဖော်ပြသည်။ လူသားများ၏အသက်တာ၊ ယုံကြည်ခြင်းနှင့် ဘုရားအားစစ်မှန်သော ကိုးကွယ်မှုတို့အား ထိုးဖောက်နိုင်စွမ်းရှိသော လေ့လာသုံးသပ်မှုများ ပြုလုပ်သည်။ မိမိသည် အနာဂတ်ကြုံတွေ့ရမည့် အသက်တာအတွက် တစ်ခုတည်းသော ဇစ်မြစ်ဖြစ်ကြောင်း မိမိထုတ်ဖော် ပြောဆိုသကဲ့သို့ အခြားမည်သူမျှ ထုတ်ဖော်မပြောဆိုဝံ့ကြပေ။ ဘုရားသခင် ၏လကျ်ာဘက်၌ အစွမ်းတန်ခိုး၊ အခွင့်အာဏာအလုံးစုံ၌ တည်ရှိနေ သည်ဟူ၍ မိမိတက်ကြွသွားပြီးသည့်နောက်ပိုင်းတွင် တမန်တော်များက ထုတ်ဖော်ပြောဆိုပေသည်။ မိမိဖြစ်သောပုဂ္ဂိုလ်အား မိမိ၏ကိုယ်ပိုင် ခန့်မှန်း ခြေအားဖြင့်ပြုလုပ်သည့် အဓိကထူးခြားမှုအား အောက်ပါအတိုင်း အချုပ် ဖော်ပြနိုင်ပေသည်။

"ထာဝရအသက်ဟူမူကား မှန်သောဘုရားသခင် တဆူတည်းဖြစ်တော်မူသော ကိုယ်တော်ကို၎င်း၊ စေလွှတ်တော်မူသော ယေရှုခရစ်ကို၎င်း၊ သိကျွမ်းခြင်းတည်း" (ယောဟန်၊ ၁၇း၃)။

ကျွန်ုပ်တို့သည် အနာဂတ်တွင် ကြုံတွေ့ရမည် အသက်တာအတွက် မျှော်လင့်ခြင်းထားရှိမည်ဆိုလျှင် သခင်ယေရှုခရစ်တော်တည်းဟူသော ပုဂ္ဂိုလ်၏အဓိကကျမှုနှင့် သမ္မာတရားအကြောင်းကို သိဖို့ရန်လိုအပ်သည်။

## လူတကာ၏အမြင်

သခင်ယေရှုနှင့်ပတ်သက်သည့် အတွေးအခေါ်ထားရှိသည့် လူအများစုသည် ဘုရားသခင်၏ အစိတ်အပိုင်းတစ်ခုအနေနှင့် သတ်မှတ်ဆင်ခြင်ကြသည်။ အစအဦးကပင် ကောင်းကင်ဘုံ၌တည်ရှိနေ၍ ဘုရားသခင်တည်းဟူသော ခမည်းတော်နှင့်အတူ တန်ခိုးနှင့် အခွင့်အာဏာတည်ရှိနေပြီး ကမ္ဘာလောကထဲသို့ ဆင်းကြွလာကာ မာရိတည်းဟူသော အပျိုကညာဝမ်းမှ လူသားကလေးငယ်အဖြစ် မွေးဖွားလာသော ဘုရားသခင်တည်းဟူသော သားတော်ဟူ၍ ခံယူကြသည်။ ထို့နောက် လူသားထုတစ်ရပ်လုံးအတွက် ဘုရားသခင်၏ ချစ်ခြင်းမေတ္တာအား ဖော်ပြသည့် အနေနှင့် လက်ဝါးကပ်တိုင်ပေါ်တွင် အသေသတ်ခြင်းခံပြီး မိမိ၏ချီးမြောက်ထားသော အဆင့်နေရာတည်ရှိ သော ကောင်းကင်ဘုံသို့ ပြန်လည်ကြွသွားခဲ့သည်။ သန့်ရှင်သောဝိညာဉ်တော်သည်လည်း သုံးပါးတစ်ဆူ (Triune God) ဖြစ်ပြီး သုံးပါးတစ်ဆူယုံကြည်ခြင်း သွန်သင်မှုတွင် ဖော်ပြသည့် ပုဂ္ဂိုလ်(၃)ဦးဖြစ်သော ဘုရားသခင်တည်းဟူသော၊ ခမည်းတော်၊ ဘုရားသခင်တည်းဟူသော သားတော်နှင့် ဘုရားသခင် တည်းဟူသော သန့်ရှင်းသော ဝိညာဉ်တော်တို့၏ ပေါင်းသင်းဆက်ဆံရေးသည် တတ်ကျွမ်းသည့် ဓမ္မပညာရှင်များအနေနှင့် အလွန်သိမ်မွေ့ နားလည်သဘောပေါက်ပြီး ထိုယုံကြည်ချက်အားဖြင့် ဇဝေဇဝါ လက်ခံသဘောပေါက်သူများထက် ပိုမိုပြီး အခြေခံကျသည့်နည်းလမ်းများ အားဖြင့် အကာအကွယ်ပေးသည်။

ဘာသာရေးအား အစစ်အမှန်ရှိသေလေးစားသူများအနေနှင့် သခင်ယေရှုသည် ဘုရားသခင်ဖြစ်ကြောင်း အမြင်ကိုစိတ်လှုပ်ရှားလွယ်သောနည်းလမ်းဖြင့် မစဉ်းစားဘဲ ခံယူကြသည်။ ဤပုံသေနည်းကို လက်မခံနိုင်သူများအား "ခရစ်ယာန်မဆန်သောသူ" မိစ္ဆာဒိဋ္ဌိဟူ၍ ခေါ်ဆိုခြင်းခံရသည်။ ဤစာအုပ်အားဖြင့် ကျွန်ုပ် အလွန်ပင် အရေးကြီးသည့် အကြောင်းအရာအား စေ့ငုံသေချာစွာ လေ့လာပါရန် တိုက်တွန်းအပ်ပါသည်။ စာရေးဆရာနှင့် ဤထင်မြင်ယူဆချက်အား စွဲကိုင်ထားရှိသည့် အခြားသူများအားလုံးတို့က သခင်ယေရှုသည် ဘုရားသခင်၏ သားတော်ဖြစ်ခြင်းကို အမှန်တကယ် အလေးအနက်ထားပြီး ယုံကြည်ပါကြောင်း ပြောကြားလိုပါသည်။ ထိုသူများသည် "ပေါင်းစည်းခြင်းခံယူချက်"တည်း ဟူသော သခင်ယေရှုသည် သာလွန်ထူးကဲသော လူသားတစ်ဦးသာလျှင်ဖြစ်သည်ဟူသော ခံယူချက်ကို စွဲကိုင်ထားသူများ မဟုတ်ပေ။ "မွေးစားခြင်းခံယူချက်"တည်းဟူသော ဘုရားသခင်သည် သခင်ယေရှုအား မိမိ၏ဝိညာဉ်ရေးရာ သားအဖြစ် မွေးစားထားရှိခဲ့ကြောင်း ခံယူချက်ကို စွဲကိုင်သူလည်း မဟုတ်ပေ။ သမ္မာကျမ်းထဲ၌ ဖော်ပြသည့်အတိုင်း သခင်ယေရှုသည် ဘုရားသခင်၏ "တစ်ပါးတည်းသောသားတော်"ဟူသောအချက်ကိုသာ ယုံကြည်လက်ခံကြသူများ ဖြစ်ပါသည်။

## သမ္မာကျမ်းထဲတွင်မပါရှိပါ

သုံးပါးတစ်ဆူခံယူချက် သွန်သင်မှုများတွင်ပါရှိသည့် အတွေးအခေါ်များအား သမ္မာကျမ်းထဲတွင် မတွေ့ရခြင်းမှာ ထူးခြားသည့် အချက်ဖြစ်သည်။ ဤအချက်သည် ရှာဖွေတွေ့ရှိချက်အသစ်လည်းမဟုတ်ပေ။ ရှေးမဆွက (၄–ရာစု)ခန့်ကပင် သိထားသည့် အရာဖြစ်သည်။ ယခုခေတ်ဓမ္မပညာရှင်များက ပိုမိုပြီး တိကျရှင်းလင်းစွာ ဖော်ပြခဲ့သည်။

ဥပမာအားဖြင့် ၁၈၄၅ ခုနှစ်တွင် ရောမအသင်းတော်၌ ပါဝင်ခဲ့သော အင်္ဂလိကန်ဓမ္မပညာရှင်က (J.H Newman) အောက်ပါအတိုင်း ဖော်ပြခဲ့သည်။

"ခမည်းတော်၊ သားတော်၊ သန့်ရှင်းသောဝိညာဉ်တော်နှင့် ပတ်သက်သည့် ယုံကြည်ချက်အား သမ္မာကျမ်းမှ သိခဲ့ရခြင်းမဟုတ်ပါ။ (၄ ရာစုခေတ်က Arians များအကြောင်း ရေးသားသည့် စာမျက်နှာ ၅၀ တွင် တွေ့ရှိရပါသည်။

လန်ဒန်တွင်ရှိသော St.Pauls မှ ဂိုဏ်းချုပ် Dr.W.R. Matthews က ပိုမိုပြီး လေးနက်စွာဖော်ပြခဲ့သည်။

"သုံးပါးတစ်ဆူဘုရား၏ ယုံကြည်ချက်သည် မူလသတင်းစကားတွင် မပါရှိခဲ့ပေ။ ရှင်ပေါလုသည်လည်း အသင်းတော်၏ စိတ်သဘောတူညီလျက် ခံယူထားသည့် ဓမ္မပညာဆိုင်ရာ အတွေးအခေါ် ပုံသေနည်းအား သိရှိသဘောပေါက်နားလည်နိုင်ခြင်းရှိခဲ့မည်မဟုတ်ပေ။ (ခရစ်ယာန်တို့၏ ဘုရားသခင်အပေါ် အတွေးအခေါ်နှင့် အတွေ့အကြုံ စာအုပ်စာမျက်နှာ ၁၈၀)

ခရစ်တော်အား လေးစားကိုးကွယ်သူ အများအပြားက ပေါလုသည် သုံးပါးတစ်ဆူ ယုံကြည်ချက်အား မသိရှိခဲ့ခြင်း ဖော်ပြချက်နှင့် ပတ်သက်ပြီး စိတ်အနှောင့်အယှက် ဖြစ်ပေါ်နိုင်သည်။

## မည်ကဲ့သို့ ပေါ်ပေါက်ခဲ့သနည်း

ဤမေးခွန်းကို ဖြေနိုင်ရန်အတွက် မည်သည့်အချိန်အခါက ဤမေးခွန်း ပေါ်ပေါက်ခဲ့သည်ကို သိဖို့လိုအပ်သည်။ အဖြေမှာ သခင်ယေရှုနှင့် တမန်တော်များ၏ ခေတ်ကာလအပြီး အနှစ် ၃၀၀ မှ ၄၀၀ အတွင်းကမှ ပေါ်ပေါက်ခဲ့သည်။ "ကနဦး အသင်းတော်ဖခင်များ တည်းဟူသော အေဒီ ၁၀၀–၃၀၀ အတွင်း ရေးသားပြုစုခဲ့သည့် ဓမ္မပညာရှင်များ

သည် ၄င်းအချက်နှင့်ပတ်သက်ပြီး ဘာမျှမသိခဲ့ဘဲ တစ်ခါတစ်ရံ ၄င်းနှင့် ဆန့်ကျင်ဘက်ပင်ပြောကြားခဲ့ကြသည်။ ၄င်းတို့ အများစုအတွက် သခင်ယေရှုသည် ဘုရားသခင်နှင့်တူညီ၊ ထပ်တူကာ ထာဝရတည်ရှိသည်ဟူသော မေးခွန်း မပေါ်ပေါက်ပေ။ ခရစ်တော်သည် အဖခမည်းတော်၏ အောက်တစ်ဆင့်ဖြစ်ပြီး ဖန်ဆင်းထားရှိသည့် ပုဂ္ဂိုလ်ဟူ၍ သတ်မှတ်ကြသည်။ ယခုတည်ရှိနေသည့် သုံးပါးတစ်ဆူဘုရားသခင်နှင့် ပတ်သက်သည့် သွန်သင်မှုများအား အထွေထွေ အသင်းတော်ကောင်စီ အချို့က ဆုံးဖြတ်သတ်မှတ်ခဲ့ခြင်းဖြစ်သည့်အနက် အောက်ပါတို့သည် အဓိကအကျဆုံးဖြစ်သည်။

အေဒီ ၃၂၅– နိုင်စီယာ(Nicea) တွင် ကျင်းပသော ပထမအကြိမ် အထွေထွေ ကောင်စီမှ သားတော်တွင် အစဦးကတည်းက ခမည်းတော်နှင့်ထပ်တူညီသော သဘောရှိကြောင်း ကြေညာခဲ့သည်။

အေဒီ ၃၈၁– ကွန်စတန်တင်နိုပဲ (Constantinople) တွင် ကျင်းပသော ဒုတိယအကြိမ် အထွေထွေကောင်စီ၌ ခမည်းတော်၊ သားတော်တို့နှင့် တစ်တန်းတည်း သန့်ရှင်းသော ဝိညာဉ်တော်အား ဝတ်ပြုကိုးကွယ်ရန် ကြေညာခဲ့သည်။

အေဒီ ၄၃၁– ဧဖက်တွင် ကျင်းပသော တတိယအကြိမ် အထွေထွေကောင်စီ ၌ သခင်ယေရှု၌ လူသားနှင့်ဘုရားသခင်၏ သဘာဝတည်းဟူသော သဘာဝနှစ်မျိုးရှိကြောင်း မယ်တော်မာရိသည် "ခရစ်တော်၏မိခင်" ဟု ခံယူသူတို့နှင့် ဆန့်ကျင်ဘက်ပြုကာ "ဘုရားသခင်၏ မိခင်"ဟူ၍ ကြေညာချက်ထုတ်ပြန်ခဲ့သည်။

အေဒီ ၄၅၁– ချာစီဒွန် (Chalcedon)တွင် ကျင်းပသော ပဥ္စမအကြိမ် အထွေထွေကောင်စီတွင် ခရစ်တော်၌ရှိသော သဘာဝ နှစ်ခုသည် ပေါင်းစည်းခြင်းအားဖြင့် ပုဂ္ဂိုလ် တစ်ဦးနှင့် စိတ်ဆန္ဒတစ်ခုတည်းသာ ဖြစ်ပေါ်လာကြောင်း ကြေညာခဲ့သည်။

သုံးပါးတစ်ဆူ ယုံကြည်ချက်နှင့်ပတ်သက်၍ အချိန်ကာလ အတိုင်းအတာတစ်ခု တဖြည်းဖြည်းတိုးတက်လာသည့် ပုံသေနည်း ပုံဆောင်ချက်အား အသင်းတော်၏ အဓိက အယူဝါဒများကို နှိုင်းယှဉ်ခြင်းအားဖြင့် ရှင်းလင်းစွာ မြင်တွေ့နိုင်သည်။ ရှေးအယူဝါဒတစ်ခုဖြစ်သော တမန်တော်တို့၏ အယူဝါဒအား အချိန်ကာလ အတိုင်းအတာကို မသိရှိနိုင်သော်လည်း ခရစ်တော်နှင့်ဘုရားသခင်တို့၏ ပေါင်းသင်း ဆက်ဆံမှုအား အောက်ပါအတိုင်း ဖော်ပြပေသည်။

"ကြီးမြတ်တော်မူသော ဘုရားသခင်.. ယေရှုခရစ်တော်တည်း ဟူသော တစ်ပါးတည်းသော သားတော် အပျိုကညာ မာရိ၏ဝမ်း၌ သန့်ရှင်းသောဝိညာဉ်တော် အားဖြင့် ပဋိသန္ဓေစွဲယူလျက်" ခရစ်တော်ရှင် ပြန်ထမြောက်ပြီးသည့်အခါ ကောင်းကင်ဘုံသို့ဆောင်ယူ ခြင်းကို ခံတော်မူ၍ ဘုရားသခင်၏လက်ျာတော်ဘက်၌ ထိုင်နေကာ ပြန်လည်ကြွလာ တော်မူပြီး သေလွန်သူတို့နှင့် ရှင်ပြန်ထမြောက်မည့်သူများအား တရားစီရင်မည်ဖြစ်သည်။

ဤအချက်သည် သမ္မာကျမ်း၏ထွက်ဆိုချက်နှင့် လုံးဝကိုက်ညီမှုရှိသည်။ နောက်ပိုင်း၌ ထွက်ပေါ်လာသည့် အယူဝါဒများတွင် မတူညီသော အမြင်ရှုထောင့်မှ ထပ်မံပြီး ဖြည့်စွက်မှု အမြောက်အမြားကို တွေ့ရသည်။

အေဒီ–၃၂၅ တွင် နိုင်စင် (Nicene) အယူဝါဒက “ယေရှုခရစ်တော်သည် ဘုရားသခင်၏တစ်ပါးတည်းသော သားတော်ဖြစ်ပြီး ကမ္ဘာမတည်မရှိမီကပင် တည်ရှိပါသည်။ ဘုရားသခင်နှင့်အတူ တည်ရှိသော ဘုရားသခင် သန့်ရှင်းသောဝိညာဉ်တော်နှင့် အတူ ခမည်းတော်နှင့်သားတော်သည် ဝတ်ပြုကိုးကွယ်ရန်နှင့် ချီးမြှောက်ရန် ဖြစ်သည်။

ရက်စွဲအတိအကျ မသိရှိသော်လည်း အေဒီ ၅၀၀ နောက်ပိုင်းတွင် ပေါ်ပေါက်လာသည့် အာသာနေရှင်း (Athanasian) အယူဝါဒသည် ပိုမို၍ပင် လေးနက်သည်။

“ကျွန်ုပ်တို့သည် သုံးပါးတစ်ဆူဘုရားသခင်အား တစ်ညီတစ်ညွတ်တည်း ဝတ်ပြုကိုးကွယ်ကြသည်။ ခမည်းတော်၊ သားတော်နှင့် သန့်ရှင်းသောဝိညာဉ်တော်တည်း ဟူသော သုံးပါးတစ်ဆူသာလျှင် ရှိပြီး။ ဘုန်းတော်နှင့်ကြီးမြတ်ခြင်း၌ တူညီမှုရှိသည်။ ခမည်းတော်၊ သားတော်နှင့် သန့်ရှင်းသောဝိညာဉ်တော်တို့သည် ထာဝရ(၃)ခု မဟုတ်၊ ထာဝရတစ်ခုတည်းသာလျှင်ဖြစ်သည်။ ထိုအယူဝါဒအား သတိပေးသည့်ကြေညာချက်အားဖြင့် အဆုံးသတ်သည်။ “ကယ်တင်ခြင်းရရှိလို သောသူသည် သုံးပါးတစ်ဆူဘုရားသခင်အား ဤကဲ့သို့ပင် ခံယူရမည်ဖြစ်သည်”။

ဘုရားသခင်နှင့်ပတ်သက်သည့် သွန်သင်မှုသည် အသစ်များအား မူလယုံကြည်ချက်များကို ခံယူသူများထံမှ ဆန့်ကျင်မှု ပေါ်ပေါက်လာခဲ့သည်။ တစ်ရာစုခန့်ပင် အသင်းတော်ခေါင်းဆောင်များအကြားခါးသီးသော အငြင်းပွားမှုရလဒ်ပေါ်ပေါက်ခဲ့သည်။ (၄)ရာစုနှင့် (၅)ရာစုများ တွင် အသင်းတော်ကောင်စီမှ ထုတ်ပြန်သည့် ကြေညာချက်များမှာ ထိုကဲ့သို့ ပုန်ကန်သူများအား နှိပ်ကွပ်ရန် ဖြစ်သည်။ ထို့ကြောင့်ပင် တရားဝင်သုံးပါးတစ်ဆူဘုရား မူဝါဒအား အကျယ်ချဲ့ကြေညာခဲ့ပြီး မဖြစ်မနေလက်ခံရမည်ဟူ၍ ထုတ်ပြန်ခဲ့သည်။

**သမ္မာကျမ်းက မည်ကဲ့သို့ဖော်ပြသနည်း**

သခင်ယေရှုခရစ်တော် မကြွလာမီ နှစ်ပေါင်းရာစုများစွာပင် ဓမ္မဟောင်းကျမ်း၏ အရေးအသားများကို ဣသရေလ (ဂျူးလူမျိုးများ)များက အဲဂုတ္တုနိုင်ငံမှ ၄င်းတို့အား ကယ်နှုတ်ခဲ့သော ဘုရားသခင်၏ ဗျာဒိတ်တော်များအနေနှင့် ရိုးသေလေးစားခဲ့ကြသည်။ ဘုရားသခင်၏ သဘာဝပတ်သက်ပြီး ၄င်းတို့သည် မည်သည့်ပုံရိပ်ကို ရခဲ့ကြသနည်း။

**အောက်ပါထွက်ဆိုချက်အရ အဖြေသည် ရှင်းလင်းပါသည်**

“ဘုရားသခင်တည်ရှိမှုအား ခံယူလက်ခံပြီးသည့်အခါတွင် ယုဒဘာသာသည် ဘုရားသခင်နှင့်ပတ်သက်ပြီး အခြေခံ အတွေးအခေါ်တစ်ခုကိုသာလျှင် သတ်မှတ်၍ အခိုင်အမာ ပြဋ္ဌာန်းခဲ့သည့် တစ်ဆူတည်းသော ဘုရားသခင်ပင် ဖြစ်သည်။ **“အိုဣသရေလလူမျိုး၊ နားထောင်လော့၊ ငါတို့၏ဘုရားသခင်ထာဝရဘုရားသည် တစ်ဆူတည်းသော ထာဝရဘုရား ဖြစ်တော်မူ၏”**(တရား၊၆း၄)။ ရှေးဟောင်းကမ္ဘာလောက၏ များစွာသော ဘုရားများ အဆူဆူကို ကိုးကွယ်ခြင်းအားဖြင့် ငြင်းဆန်းခြင်းပင်ဖြစ်သည်။ ဘုရားနှစ်ဆူ ဖန်ဆင်းခြင်း၊ ဇစ်မြစ်နှစ်ခုရှိခြင်းဖြစ်သော အကောင်းနှင့်အဆိုး အတွေးအခေါ်အား ငြင်းဆန်လိုက်ခြင်းပင် ဖြစ်သည်။ ခရစ်ယာန်ဘာသာ၏ ခိုင်မြဲသောခံယူချက်ဖြစ်သည့် သုံးပါးတစ်ဆူ ဘုရားကို လည်း ပြတ်သားစွာ ငြင်းပယ်လိုက်ခြင်း ပင်ဖြစ်သည်။ ယုဒကိုးကွယ်မှု၌ အသက်နှင့် သေခြင်းတရား ဖန်ဆင်းခြင်း ဇစ်မြစ်ဖြစ်သော ကာယပိုင်ဆိုင်ရာ၊ ဝိညာဉ်ရေးရာပိုင်းဆိုင်ရာ ၊ ခွန်အားအလုံးစုံ သဘာဝနှင့်ရာဇဝင်သမိုင်း နောက်ကွယ်တွင် တည်ရှိ နေသည်။ ဘုရားတစ် ဆူသာရှိခြင်း အခြေခံ ခံယူချက်အား ပြောင်းလဲအပေးအယူပြုလုပ်၍ မရပေ။ (ဂျူးအသိ တရားနှင့် ပတ်သက်သည့်လမ်းညွှန်းချက်စာအုပ် စာမျက်နှာ ၉၆–၉၇)

ယနေ့ထက်တိုင်ပင် ခရစ်ယာန်ဘာသာအား လေ့လာလိုသူ မည်သည့်ဂျူးလူမျိုး အတွက်ပင်မဆို လူအများယုံကြည်ကြသော သုံးပါးတစ်ဆူ မူဝါဒသည် ကြီးမားသော အဟန့်အတားဖြစ်စေသည်။

ယခုခေတ်ကာလကဲ့သို့သော မရေရာသောအတွေးအခေါ်များ တည်ရှိနေချိန်တွင် ကျွန်ုပ်တို့ လက်ဝယ်၌ရှိနေသော ဓမ္မဟောင်းကျမ်းသည် သခင်ယေရှုလက်ထက်က ဘုရားသခင်၏နှုတ်ကပတ်တော်ဟူ၍ပင် သတ်မှတ်စုစည်းထားသောကျမ်းများသာလျှင် ပါဝင်ကြောင်း သတိပြုရပေသည်။ ပညတ်တရား၊ ဆာလံသီချင်းများနှင့် ပရောဖက်များဟူ ၍ပင် သခင်ယေရှုဖော်ပြခဲ့ပြီး၊ မိမိအကြောင်း ကြိုတင်ဟောကြားသောပရောဖက်ပြုချက်များပင် ဖြစ်ပေသည်။ ဆာလံ၊ ၂ တွင် ကျွန်ုပ်တို့တွေ့ရှိရသည်မှာ–

"ထာဝရဘုရားက သင်သည် ငါ့သားဖြစ်၏။ ယနေ့ပင် သင့်ကို ငါဖြစ်ဘွားစေပြီ။ ငါ့ကို တောင်းလော့။ လူအမျိုးမျိုးတို့ကို သင်၏ အမွေဥစ္စာအို့ ငါပေးမည်။ မြေကြီးစွန်းတိုင်အောင် ပိုင်ထိုက်သော အခွင့်ကိုလည်း ငါပေးမည်" (ဆာလံ၊ ၂း၇–၈)။

ပြတ်သားသည့် သုံးသပ်ချက်များပေါ်ပေါက်လာသည်။ ဘုရားသခင်သည် မိမိကိုယ်စား အုပ်ချုပ်မည့်သူကို ဘိသိက်တော်မူခဲ့သည်။ ကမ္ဘာနိုင်ငံအားလုံးအပေါ်တွင် အုပ်ချုပ်မည့် "ဘုရင်"ပင်ဖြစ်သည်။ ဘုရားသခင်မှ မွေးဖွားသည့် ဘုရားသခင်၏သားတော်ဖြစ်၍ ဘုရားသခင်သည် အုပ်စိုးနေသူ မဟုတ်ပေ။ အုပ်စိုးသူသည် ဘုရားသခင် ၏သားတော်ဖြစ်ပြီး ဘုရားသခင်မှ စတင်မွေးဖွား ခဲ့သောနေ့မှ စတင်တည်ရှိခဲ့သည်။ သားများအားလုံးကဲ့သို့ပင် ဖခင်က ရှေ့ပြေးဖြစ်သည်။ ဤယေဘုယျသွန်သင်မှုအား ဓမ္မသစ်ကျမ်း၏ ပထမကျမ်းပိုဒ်တွင် အချုပ်ဖော်ပြထားသည်။

"အာဗြဟံနှင့်ဒါဝိဒ်တို့မှ ဆင်းသက်တော်မူသော ယေရှုခရစ်၏ ဆွေတော်စဉ်၊ မျိုးတော်ဆက်စာရင်းဟူမူကား" (မဿဲ၊ ၁း၁)။

သားတော်သည် ပေါ်ထွန်းလာသည့်အခါတွင် မိမိကိုယ်မိမိ မည်ကဲ့သို့ သတ်မှတ်ခဲ့သနည်း။ အဖြေမှာ သံသယရှိနိုင်ဖွယ်မဟုတ်ပေ။ ယေရှုသည် မိမိကိုယ်မိမိ ဘုရားသခင်၏ လက်တော်အောက်၌ နေထိုင်သူ၊ သွန်သင်မှု၊ လုပ်ဆောင်မှုများအတွက် ဘုရားသခင်အား အစဉ်အမြဲအားကိုးအားထားနေရသူဟူ၍ ပြောဆိုခဲ့သည်။ ခရစ်တော်၏ ထွက်ဆိုချက်အချို့မှာ–

"ခမည်းတော်ပြုတော်မူသောအမှုကို သားတော်သည်မြင်၍ သာပြု၏။ မိမိအလိုအလျောက် အဘယ်အမှုကိုမျှ မပြုနိုင်။ ခမည်းတော်ပြုတော်မူသမျှအတိုင်း သားတော် လည်းပြု၏" (ယောဟန်၊ ၅း၁၉)။

"ငါဟောသော ဒေသနာသည် ငါ၏ဒေသနာမဟုတ်။ ငါ့ကို စေလွှတ်တော် မူသောသူ၏ ဒေသနာဖြစ်၏" (ယောဟန်၊ ၇း၁၆)။

"အကြောင်းမူကား၊ ငါ့ခမည်းတော်သည် ငါ့ထက်သာ၍ ကြီးမြတ်တော်မူ၏" (ယောဟန်၊ ၁၄း၂၈)။

ဂျူးလူမျိုးများသည် သခင်ယေရှုအား မိမိကိုယ်မိမိ ဘုရားသခင်အဖြစ် သတ်မှတ်သည်ဟူသော စွပ်စွဲချက်ကို မိမိသည် ဘုရားသခင်၏သားတော်ဖြစ်ကြောင်း ထွက်ဆိုချက်အားဖြင့်သာ ချေပခဲ့သည် (ယောဟန်၊ ၁၀း၃၄–၃၆)။ မိမိကိုယ်မိမိ ကောင်းမြတ်သည်ဟု ခေါ်ဆိုရန်ပင် ငြင်းဆန်ခဲ့သည်။ မိမိအား ကောင်းမြတ်သောဆရာဟု ခေါ်ဆိုသောသူတစ်ဦးအား တုံ့ပြန်ရာတွင် "ငါ့ကို ကောင်းမြတ်သည်ဟု အဘယ့်ကြောင့်ခေါ်သနည်း။ ဘုရားသခင်တပါးတည်းသာ ကောင်းမြတ်တော်မူ၏"ဟူ၍ ပြောဆိုခဲ့ သည် (မာကု၊ ၁၀း၁၈)။

သခင်ယေရှုသည် လက်ဝါးကပ်တိုင်တွင် အသေသတ်ခြင်း မခံမီ မိမိသည် လောကသို့ပြန်လည်ကြွလာပြီး စိုးစံမည်ဖြစ်ကြောင်း ကြီးမားသောပရောဖက်ပြုမှုကို မြွက်ဆိုခဲ့သည်။

"ထိုအခါ လူသားသည် ကြီးစွာသော ဘုန်းတန်ခိုးအာနုဘော်ကို ဆောင်လျက်၊ မိုဃ်းတိမ်ကိုစီး၍ ကြွလာတော်မူသည်ကို မြင်ရကြလိမ့်မည်...ထိုအချိန် နာရီကိုကား ခမည်းတော်မှတပါး အဘယ်သူမျှမသိ၊ ကောင်းကင်တမန်များမသိ၊ သားတော်လည်းမသိ" (မာကု၊ ၁၃း၂၆–၃၂)။

သင်္ချိုင်းဂူအတွင်းမှ ရှင်ပြန်ထမြောက်လာသည့်အခါ တပည့်တော်များအား အောက်ပါသတင်းစကားကို ပေးခဲ့သည်။

"ငါ့ညီတို့ရှိရာသို့ သွားလော့။ ငါ၏ခမည်းတော်တည်းဟူသော သင်တို့၏ ခမည်းတော်၊ ငါ၏ဘုရားသခင်တည်းဟူသော သင်တို့၏ ဘုရားသခင့်ထံတော်သို့ ငါတက်ရမည်အကြောင်းအရာကို ကြားပြောလော့" (ယောဟန်၊ ၂၀း၁၇)

သခင်ယေရှုသည် မိမိနှင့်ပတ်သက်သည့် ခံယူချက်အား သံသယရှိဖွယ်မဟုတ်ပေ။ အရာရာတွင် ခမည်းတော်သာလျှင် သာလွန်၍ ကြီးမြတ်ပြီး သားတော်ကိုယ်တိုင် အားကိုးအားထားပြုနေရကြောင်း ပေါ်လွင်ထင်ရှားပေသည်။

**ကန့်ကွက်ခြင်း**

ကျွန်ုပ်တို့ရည်ညွှန်းခဲ့သည့် ကျမ်းချက်များသည် သခင်ယေရှု၏ လောကဇာတိ အဖြစ်ကို ဖော်ပြပြီး၊ လူသားအဖြစ်သတ်မှတ်ခြင်းကို အချို့သူများက ချီးမြှောက်ခံရသည့် အဆင့်သို့ ရောက်ရှိနေပြီဖြစ်သဖြင့် ကျင့်သုံး၍ မရတော့ကြောင်းကို ကန့်ကွက်ကြသည်။ သမ္မာကျမ်း ဖော်ပြချက်အား လေ့လာကြည့်ကြပါစို့။ သခင်ယေရှု ရှင်ပြန်ထမြောက်သည့် အချိန်တွင် သူ၏လူသားသဘာဝသည် ထာဝရသဘာဝသို့ ပြောင်းလဲသွားခဲ့သည်။

ထို့နောက် ကောင်းကင်ဘုံသို့ တက်ကြွသွားပြီး ဘုရားသခင်၏ လကျာ်တော်ဘက်၌ထိုင်နေတော်မူသည်။

"ထိုသို့ လူ၏ဂုဏ်အင်္ဂါလက္ခဏာနှင့်ပြည့်စုံလျက်၊ အသေခံခြင်းသာမဟုတ် လက်ဝါးကပ်တိုင်မှာ အသေခံခြင်းတိုင်အောင် အစေကျွန်ခံ၍ ကိုယ်ကိုယ်ကို နှိမ့်ချတော်မူ၏။ ထိုကြောင့် ဘုရားသခင်သည် ကိုယ်တော်ကို အလွန်ချီးမြှောက်၍ ဘွဲ့နာမတကာတို့ထက်ကြီးမြတ်သော ဘွဲ့နာမကို ပေးသနားတော်မူ၏။ အကြောင်းမူကား၊ ကောင်းကင်းသတ္တဝါ၊ မြေကြီးသတ္တဝါ၊ မြေကြီးအောက်၌ရှိသော သတ္တဝါတည်းဟူသော ခပ်သိမ်းသော သတ္တဝါတို့သည် ယေရှု၏ဘွဲ့နာမတော်ကို ဒူးထောက်၍ ယေရှုခရစ်သည် သခင်ဖြစ်တော်မူ၏ဟု နှုတ်နှင့်ဝန်ခံသဖြင့်၊ ခမည်းတော်ဘုရား၏ ဘုန်းအသရေတော်ကို ထင်ရှားစေကြမည်အကြောင်းတည်း (ဖိ၊၂း၈–၁၁)။

ကောင်းကင်ဘုံတွင် သခင်ယေရှုအား မြတ်သည့်နေရာတွင် ချီးမြှောက်ထားခြင်းသည် ဘုရားသခင်၏ လုပ်ဆောင်ချက်ဖြစ်သည်။ ခရစ်တော်အား ဘုန်းအာနုဘော်နှင့် ပြည့်စုံစေရန်ဖြစ်သည်။ သခင်ယေရှု၏ အသက်တာ၌ ပြတ်သားသည့်ဖြစ်ရပ်အလုံးစုံသည် အဖခမည်းတော်၏ လုပ်ဆောင်ချက်များသာလျှင် ဖြစ်သည်။ ဘုရားသခင်သည်သာ သခင်ယေရှုအား ခရစ်တော်နှင့်အရှင်သခင်အဖြစ် ခန့်အပ်ခြင်းဖြစ်သည်။ **သခင်ယေရှုကို ဘုရားသခင်သည် ခရစ်တော်အရာ၌၄င်း၊ အစိုးရသော အရှင်အရာ၌၄င်း ခန့်ထားတော်မူသည် အကြောင်း(တမန်၊ ၂း၃၀)။**
"ထိုသခင်သည် လည်း အသက်ရှင်သောသူတို့နှင့် သေသောသူတို့ကို တရားစီရင်သော သခင်ဖြစ်စေခြင်းငှါ ဘုရားသခင်ခန့်ထားတော်မူကြောင်း" (တမန်၊ ၁၀း၄၂)။

တမန်တော်များသည် အကြိမ်ပေါင်းမြောက်မြားစွာပင် ကောင်းကင် ဘုံတွင် ဘုရားသခင်နှင့် သခင်ယေရှုတို့၏လက်ရှိ ပေါင်းသင်း

ဆက်ဆံမှုအား ရည်ညွှန်းပြီးပြောဆိုကြသည်။ ၎င်းတို့သည် အောက်ပါအတိုင်း ထွက်ဆိုကြသည်။

"သခင်ယေရှုခရစ်နှင့်ငါတို့အဘတည်းဟူသော ဘုရားသခင် အထံတော်က ကျေးဇူးတော်နှင့်ငြိမ်သက်ခြင်းသည် သင်တို့၌ရှိပါ စေသော" (ရောမ၊ ၁း၇)။

ဩဝါဒစာများတွင် ဤကဲ့သို့အတိအကျ အကြိမ်ကြိမ်ဖော်ပြထားသည်။

သခင်ယေရှုခရစ်နှင့် ငါတို့လာတည်းဟူသော ဘုရားသခင့်အထံတော်က ကျေးဇူးတော်နှင့်ငြိမ်သက်ခြင်းသည် သင်တို့၌ ရှိပါစေသော (ဖေက် ၁း၂)" သခင်ယေရှုခရစ်၏ ဘုရားသခင်ဖြစ်တော်မူသော ငါတို့အဘတည်းဟူသော ဘုန်းကြီးသော အဘခမည်းတော်သည် ကိုယ်တော်မြတ်ကို သိခြင်းအလို့ငှါ ပညာကို၎င်း၊ ထိုးထွင်းသောဉာဏ်ကို၎င်း၊ သင်တို့အားပေးပါမည်အကြောင်း (ဖေက်၊ ၁း၁၇)။

ဘုရားသခင်နှင့် သခင်ယေရှုတို့အား ကောင်းကင်ဘုံတွင် မည်ကဲ့သို့ပင် ရည်ညွှန်းစေကာမူ သီးသန့်ပုဂ္ဂိုလ်တစ်ဦးအနေနှင့် အစဉ်တည်ရှိနေပြီး ခမည်းတော်ကိုသာ အစဉ်အမြဲ ဦးစားပေးသည်။

တမန်တော် ယောဟန်အား ရူပါရုံအဖြစ်ပေးခဲ့သော ဗျာဒိတ်ကျမ်းသည် အထူးပင် စိတ်ဝင်စားဖွယ်ရာဖြစ်ပေသည်။ အေဒီ ၉၀ ပတ်ဝန်းကျင်ခန့်က ရေးသားခဲ့သည့် ရှင်ပြန်ထမြောက်ပြီး ချီးမြောက်ခြင်းခံရသော အရှင်သခင် ကိုယ်တော်တိုင်ကပင် မိမိနှင့်ဘုရားသခင် ပေါင်းသင်းဆက်ဆံမှုအား ရည်ညွှန်းဖော်ပြရာ၌ အောက်ပါအတိုင်း စတင်ခဲ့သည်။

"ကာလမကြာမမြင့်မှီ အမှုအရာများကို ယေရှုခရစ်သည် မိမိအစေခံကျွန်တို့အား ပြစေခြင်းငှါ၊ ဘုရားသခင်အပ်ပေးတော်မူသော ထိုသခင်၏ဗျာဒိတ်တော်ကို ဆိုပေအံ့" (ဗျာ၊ ၁း၁)။

ရှေ့ပိုင်းအခန်းများတွင် သခင်ယေရှုသည် "အာရှပြည်၌ရှိသော အသင်းတော်ခုနစ်ပါး"သို့ တိုက်ရိုက်မှာကြားခဲ့ပြီး (အငယ်၊၄) ခမည်းတော်ဘုရားသခင်အားလည်း အကြိမ်အတော်အတန် ရည်ညွှန်းခဲ့သည်။

"အောင်မြင်သောသူသည် ငါ့ခမည်းတော်ရှေ့၌၎င်း၊ ကောင်းကင်တမန်တော်တို့ရှေ့၌၎င်း၊ သူ၏နာမကို ငါဝန်ခံမည်" (ဗျာ၊၃း၄–၅) (အငယ်၊၁၂ နှင့် အငယ်၊ ၂၁ တို့ကိုလည်းကြည့်ပါ)

ဤစကားများသည် သခင်ယေရှု၏နှုတ်ထွက်စကားများဖြစ်ပြီး ကောင်းကင်ဘုံသို့ တက်ကြွသွားပြီး အနှစ် ၆၀ ခန့်၊ ဘုရားသခင်၏ လက်ျာဘက်၌ ဘုန်းစည်းစိမ်ဖြင့် ထိုင်လျက်ရှိသည့်အချိန်ကာလဖြစ်သည်။ သခင်ယေရှု၏လက်ရှိ ဘုန်းကြီးခြင်းအနေအထား၌ ဘုရားသခင်နှင့် ပေါင်းသင်းဆက်ဆံမှုကို ဖော်ပြသည်။ ဆိုလိုသည့် အဓိပ္ပါယ်မှာ ရှင်းလင်းပါသည်။ အဖခမည်းတော်တည်းဟူသော ဘုရားသခင်၌သာလျှင် အခွင့်အာဏာ အထွဋ်အထိပ်တည်ရှိသည်။ ဘုရားသခင်ကသာ သားတော်အား ဗျာဒိတ်ဖော်ပြချက်ပေးအပ်သည်။ မိမိ၏ရာဇပလ္လင်အားလည်းသားတော်နှင့် ဝေမျှခံစားပြီး သားတော်ကလည်း "မိမိ၏ဘုရားသခင်" ဟူ၍ အသိအမှတ်ပြုသည်။ ဤထူးခြားသည့် ထွက်ဆိုချက်များ၌ တူညီမှုခံစားခြင်းဟူသော ဖော်ပြချက်အား မတွေ့ရှိရပေ။

အဖခမည်းတော်တည်းဟူသော ဘုရားသခင်နှင့်သားတော်တို့၏ ပေါင်းစည်းမှုအခွင့်အာဏာ၏ အထိရောက်ဆုံး ဝေဖန်ချက်ကို ခရစ်တော်အုပ်စိုးမည့်ကာလအား ရှင်ပေါလုဖော်ပြချက်၌ တွေ့နိုင်သည်။

" ထိုအခါ ခရစ်တော်သည် အထွဋ်အမြတ်အာဏာတန်ခိုးအမျိုးမျိုးကို ပယ်ရှင်း၍ မိမိနိုင်ငံကို ဘုရားသခင်တည်းဟူသော ခမည်းတော်၌ အပ်ပြန်တော်မူပြီးမှ ကျမ်းစာလာ၏။ ခပ်သိမ်းသောအရာတို့ကို လူသား၏မြေအောက်၌ ချထားတော်မူသည်ဟု ခပ်သိမ်းသောအရာတို့ကို

ချထားတော်မူသော သူ၏အုပ်စိုးတော်မူခြင်းကို သားတော်သည် ကိုယ်တိုင် ဝန်ခံလိမ့်မည်။ အကြောင်းမူကား ဘုရားသခင်သည် အလုံးစုံဖြစ်တော်မူ မည်အကြောင်းတည်း"(၁ကော၊ ၁၅း၂၄–၂၈)။

ခမည်းတော်ဘုရားသခင်နှင့်သားတော်တို့၏ ပေါင်းစည်းခြင်း အခွင့်အာဏာအား မှန်ကန်စွာ သဘောပေါက်နိုင်ရန် သည့်ထက်ပိုမိုရှင်း လင်းစွာ မဖော်ပြနိုင်တော့ပေ။ ကမ္ဘာ့နိုင်ငံများနှင့် ပတ်သက်သည့် ဘုရား သခင်၏ရည်ရွယ်ချက် ပြည့်စုံခြင်း အထွဋ်အထိပ်သို့ ရောက်ရှိသည့်အခါ ခမည်းတော်အား အကြီးမားဆုံးသော အခွင့်အာဏာ ပြန်လည်၍လွှဲပြောင်း ပေးမည်။ ဤအချက်၏အဓိပ္ပါယ်ကို သေချာစွာ သုံးသပ်ကြည့်ကြပါစို့။ သခင်ယေရှုသည် ကောင်းကင်ဘုံတွင် အနှစ်(၂၀၀၀)ရှိခဲ့ပြီး ဖြစ်သည်။ ကမ္ဘာလောကသို့ ပြန်လည်ကြွဆင်းလာပြီး အနှစ်(၁၀၀၀)အုပ်စိုးဦးမည် (ဗျာ၊ ၂၀း၄)။ စိုးစံသည့်ကာလ ကုန်ဆုံးသွားသောအခါ သားတော်သည် အနှစ်(၃၀၀၀)ခန့်ပင် ထာဝရအရာ၌ ဘုန်းစံပယ်ပြီးဖြစ်ပေမည်။ သို့ရာတွင် နိုင်ငံတော်အား ခမည်းတော်ထံသို့ လွှဲပြောင်းရမည်ဖြစ်သည်။ ဘုန်းကြီး သော ဘုရားသခင်၏သားတော်၊ ခမည်တော်း၏ လက်အောက်ခံ ဖြစ်ခြင်း ကို သည့်ထက်ရှင်းလင်စွာ သရုပ်ဖော်ဆောင်၍ မရတော့ပေ။ အဆုံး၌ ခမည်းတော် ဘုရားသည်သာလျှင် "အလုံးစုံတို့၏အလုံးစုံ" ဖြစ်သည်။

## သားတော်၏မူလဇစ်မြစ်

လုကာခရစ်ဝင်ကျမ်း၌ သခင်ယေရှု စတင်တည်ရှိလာပုံကို လွယ်ကူရှင်းလင်းစွာ ဖော်ပြထားသည်။ ဘုရားသခင်အား ချစ်ကြောက် ရိုသေသော အပျိုကညာမာရိသည် ဒါဝိဒ်၏ အမျိုးအနွယ်ဖြစ်ပြီး သူမထံသို့ ကောင်းကင်တမန်က ထူးကဲသော သီတင်းစကားကို ယူဆောင်လာခဲ့ သည်။

"ကျေးဇူးတော်ကို ခံရသောမိန်းမ၊ သင့်အား မင်္ဂလာဖြစ်စေသ တည်း။ ထာဝရဘုရားသည် သင်နှင့်အတူရှိတော်မူ၏။ သင်သည် ပဋိသန္ဓေ စွဲယူ၍ သားယောကျ်ားကို ဖွားမြင်လိမ့်မည်။ ထိုသားကို ယေရှု အမည်ဖြင့် မှည့်ရမည်။ ထိုသားသည်ကား ကြီးမြတ်သောသူဖြစ်လိမ့်မည်။ အမြင့်ဆုံး သော ဘုရား၏သားတော်ဟု ခေါ်ဝေါ်သမုတ်ခြင်းကို ခံရလိမ့်မည်။ သူ့အဘ ဒါဝိဒ်၏ရာဇပလ္လင်ကို ထာဝရအရှင် ဘုရားသခင်သည် သူ့အား ပေးတော်မူမည်။ သူ၏နိုင်ငံသည်လည်း ဆုံးခြင်းမရှိရဟု ပြောဆို ၏။" (လုကာ၊ ၁း၂၈–၃၃)

ဤကဲ့သို့သော ထွက်ဆိုချက်အားဖြင့် မာရိ၏အံ့အားသင့်မှု၊ ထို့နောက်ဖြစ်ပေါ်လာမည့် ပျော်ရွှင်ဝမ်းမြောက်မှုကို သရုပ်ဖော်ဆင်ခြင်ကြည့် ကြပါစို့။ သူမသည် အနှစ်(၉၀၀)ကျော်က ထားရှိခဲ့သော ကတိတော်ကို သိသည်။ ဣသရေလနိုင်ငံ၏ဘုန်းအသရေကို ဒါဝိဒ်မျိုးဆက်တစ်ဦးက ပြန်လည်ပြီး ပျိုးထောင်မည်။ ဘုရားသခင်နှင့်ဣသရေလတို့ကို ပြန်လည် ပေါင်းစည်းစေမည်။ သူမသည် လူအများမျှော်လင့်တောင့်တနေသည့် မေရှိယ၏မိခင်ဖြစ်တော့မည်။ သူမ၏သားသည် ဒါဝိဒ်၏ ရာဇပလ္လင် တော်၌ အုပ်စိုးရမည်။

နောက်ဆက်တွဲ စိတ်ရှုပ်ထွေးမှုဖြစ်ပေါ်လာသည်။ မာရိသည် ဘုရားသခင်အား ကြောက်ရွံ့ချစ်ခင်သော ဣသရေလလူငယ် ယောသပ်နှင့် စေ့စပ်ထားသော်ငြားလည်း လက်ထပ်ထိမ်းမြားခြင်း မပြုရသေးသဖြင့် သားကို ပဋိသန္ဓေစွဲမည်ဆိုသည်မှာ မဖြစ်နိုင်ပေ။ မာရိကလည်း ကောင်းကင် တမန်အား မည်ကဲ့သို့ ဖြစ်ပျက်မည်ကို မေးမြန်းရာ ကောင်းကင်တမန်၏ အဖြေမှာ အလွန်တိကျသည်။

"သန့်ရှင်းသောဝိညာဉ်တော်သည် သင့်အပေါ်မှာ သက်ရောက် တော်မူ၍ အမြင့်ဆုံးသော ဘုရားသခင်၏တန်ဖိုးအာနုဘော်တော်သည်

သင့်ကို လွှမ်းမိုးလိမ့်မည်။ ထိုအကြောင်းကြောင့် ထိုသန့်ရှင်းသော သားသည်လည်း ဘုရားသခင်၏ သားတော်ဟု ခေါ်ဝေါ်သမုတ်ခြင်းကို ခံရလိမ့်မည်"(း၃၅)။

ပုံရိပ်အား ပြည့်စုံစေရန် ရှင်မဿဲခရစ်ဝင်ကျမ်းက မာရိ၏ ခင်ပွန်းဖြစ်မည့် ယောသပ်အကြောင်းကို ဖော်ပြထားသည်။ မာရိသည် "သန့်ရှင်းသော ဝိညာဉ်တော်အားဖြင့် ပဋိသန္ဓေစွဲသည့်အခါ" ယောသပ်သည် သူမနှင့် စေစပ့်ကြောင်းလမ်းခြင်းအား ဖျက်သိမ်းခဲ့လျှင် မည်သူမျှ အပြစ်မဆိုသာပေ။ သို့သော် ကောင်းကင်တမန်က ယောသပ်ထံသို့ ဘုရားသခင်ထံမှ သတင်းစကား ယူဆောင်လာခဲ့သည်။

"ဒါဝိဒ်အမျိုး ယောသပ်၊ သင်၏ခင်ပွန်းမာရိကို ထိန်းသိမ်းရမည့် အခွင့်ကို မစိုးရိမ်နှင့်။ ဤပဋိသန္ဓေသည် သန့်ရှင်းသောဝိညာဉ်တော်ကြောင့် ဖြစ်၏။ သားယောကျ်ားကို ဖွားမြင်လိမ့်မည်။ ထိုသားသည် မိမိလူတို့ကို အပြစ်မှကယ်ချွတ်မည့်သူဖြစ်သောကြောင့် ယေရှုဟူသောအမည်ဖြင့် မှည့်ရမည်ဟု ကောင်းကင်တမန်ဆို၏" (မဿဲ၊ ၁း၂၀–၂၁)။

ဤသတင်းစကားအားဖြင့် သူငယ်တော်သည် မေရှိယပင်ဖြစ်ကြောင်း ယောသပ်မိခဲ့ရသည်။ အဖြစ်အပျက်တစ်ခုလုံးကို အချုပ်အားဖြင့် မဿဲက အောက်ပါအတိုင်း ဖော်ပြခဲ့သည်။

"ထိုအကြောင်းအရာမူကား ထာဝရဘုရားသည် ပရောဖက်ဖြင့် ထားတော်မူသော ဗျာဒိတ်တော်ပြည့်စုံမည်အကြောင်းတည်း။ ဗျာဒိတ်တော် အချက်ဟူမူကား ကြည့်ရှုလော့။ သတို့သမီးကညာသည် ပဋိသန္ဓေကို စွဲယူ၍ သားယောကျ်ားကို ဘွားမြင်လတံ့။ ထိုသားကို ဧမာနွေလအမည်ဖြင့် မှည့်ကြရလတံ့ဟု လာသတည်း။ ဧမာနွေလအနက်ကား ငါတို့နှင့် အတူရှိတော်မူသော ဘုရားသခင်ဟုဆိုလိုသတည်း" (မဿဲ၊၁း၂၂–၂၃)။

မာရိနှင့်ယောသပ်တို့အား ဖော်ပြခဲ့သော ဘုရားသခင်၏ ထွက်ဆိုချက်များတွင် အလွန်ကြီးမားအံ့သြဖွယ်သော သတင်းစကားပါရှိသည်။ ကြီးမားသော ကံကြမ္မာပါရှိသည့် သူငယ်တစ်ဦးသည် မွေးဖွားလာပြီး၊ ဒါဝိဒ်မင်း၏ပလ္လင်တော်၌ ထာဝရစိုးစံသည်သာမက လူသားအားလုံးတို့အား မိမိတို့၏အပြစ်များမှ ကယ်နှုတ်မည့်သူဖြစ်သည်။ ကလေးသူငယ်၏ဇစ်မြစ်ကို ရှင်းလင်းစွာ ဖော်ပြခဲ့သည်။ မာရိသည် မိခင်ဖြစ်ရသော်ငြားလည်း ယောသပ်သည် ဖခင်မဟုတ်ပေ။ အမြင့်ဆုံးသော ဘုရားသခင်၏တန်ခိုးတော်၊ သန့်ရှင်းသောဝိညာဉ်တော်အားဖြင့် အပျိုကညာဖြစ်သော မာရိ၏ဝမ်း၌ ပဋိသန္ဓေစွဲယူပြီး မွေးဖွားလာသည့် သူငယ်အား ဘုရားသခင်၏သားတော်ဟူ၍ ခေါ်ဝေါ်ကြရမည်ဖြစ်ကြောင်း ဖော်ပြခဲ့သည်။ သခင်ခရစ်တော် အပျိုကညာဝမ်းမှမွေးဖွားခြင်းနှင့်ပတ်သက်သော တိကျ ရှင်းလင်းသည့် သမ္မာကျမ်း သွန်သင်ချက်ဖြစ်သည်။

ယေရှု၊လူသား

တစ်ခါတစ်ရံတွင် ဘုရားသခင်၏သားတော် သခင်ယေရှုသည် လူသားအမျိုးအနွယ်စစ်စစ် ဖြစ်သည်ဟူသောအဖြစ်အား ခံယူလက်ခံရန် တုံ့ဆိုင်းမှုဖြစ်ပေါ်တတ်သည်။ အချို့သူများက သခင်ယေရှုနှင့်ပတ်သက်ပြီး တွေးခေါ်ရာတွင် လူသားသဘာဝအား မျှဝေခံစားစေခြင်းသည် ဂုဏ်သိမ်ငယ်၊ သိမ်ဖျင်းစေသည်ဟု ယူဆကြသည်။ သခင်ယေရှု၏အပြစ်မဲ့ခြင်း အပေါ်တွင်လည်း သံသယစိတ်များ ဖြစ်ပေါ်စေသည်ဟု ထင်မှတ်ကြ သည်။

ဤအချက်အတွက်လည်း သမ္မာကျမ်းထဲက သက်သေအထောက်အထားများကို ရှာဖွေကြရမည်။ သခင်ယေရှု၏ဇစ်မြစ်နှင့်မွေးဖွားခြင်း မှတ်တမ်းအား ကျွန်ုပ်တို့ ရှင်းလင်းစွာ သိထားပြီးဖြစ်သည်။ ဘုရားသခင်၏ သားတော်ဖြစ်ပြီး မာရိ၏သားလည်းဖြစ်သည်။ ပေါလုက ဂလာတိသြဝါဒစာထဲတွင် အောက်ပါအတိုင်း တင်ပြခဲ့သည်။

"အချိန်ကာလစေ့သောအခါ ငါတို့သည် သား၏အခွင့်အရာကို ခံရမည်အကြောင်း၊ ပညတ်တရားလက်၌ရှိသော ငါတို့ကို ရွေးနှုတ်စေခြင်းငှာ မိန်းမဝမ်း၌ ပဋိသန္ဓေယူ၍ ပညတ်တရားအောက်၌ ဖွားမြင်ရသောသားတော်ကို ဘုရားသခင်သည် စေလွှတ်တော်မူ၏"(ဂလာ၊၄း၄–၅)။

"ပညတ်တရားအောက်၌"ဟူသော အဓိပ္ပါယ်မှာ မွေးဖွားလာသည့်သူငယ်သည် မောရှေ၏ပညတ်တရားအောက်၌ တည်ရှိသော ဣသရေလသား ယောကျ်ားသူငယ်ဖြစ်ပေသည်။ ပေါလုက အကြောင်းရင်းကို ဖော်ပြသည်။ "ပညတ်တရားလက်၌ရှိသော ငါတို့ကို ရွေးနှုတ်စေခြင်းငှာ"(အငယ်၊၅)ဖြစ်သည်။ ဂျူးလူမျိုးများသည် ၄င်းတို့အား တရားစီရင်သည့် ပညတ်တရားအောက်တွင် နေထိုင်ကြရသည်။ အပြစ်မကျူးလွန်ဘဲ ပညတ်တရားကို မထိန်းသိမ်းနိုင်ခဲ့ပေ။ ၄င်းတို့ကဲ့သို့ပင် သခင်ယေရှု မွေးဖွားလာခြင်းသည် ရွေးနှုတ်ခြင်းအားဖြင့် လူတို့အား အပြည့်အဝ ကိုယ်စားပြုနိုင်ရန်ဖြစ်သည်။

သခင်ယေရှုအား ဝေဒနာခံစားခြင်းအားဖြင့် ပြည့်စုံခြင်းသို့ရောက်စေကြောင်း ဟေဗြဲသြဝါဒစာတွင် ဖော်ပြထားသည်။ ဘုရားသခင်၏သားသမီးများအတွက် "ကယ်တင်ခြင်းအား အစအဦးစီရင်သူ" ဖြစ်စေရန်ပေတည်း။ ထိုအကြောင်းကြောင့်ပင် သန့်ရှင်းမှုကိုဖြစ်စေသောသူ (သခင်ယေရှု)နှင့်သန့်ရှင်းသူများ (ယုံကြည်သူများ)သည် တစ်လုံးတစ်ဝတည်း၊ သဘာဝတစ်ခုတည်းဖြစ်ကြပေသည်။ ထို့ကြောင့် ဆက်လက်ပြီး ကြေညာရာ၌ မိမိ၏သားသမီးများကို "သူငယ်များ" ဟု ရည်ညွှန်းခေါ်ဆိုခဲ့သည်။

"ထိုသူငယ်တို့သည် အသွေးအသားနှင့်ဆက်ဆံကြသောကြောင့် ခရစ်တော်သည် အသေခံမူသောအားဖြင့်"(ဟေဗြဲ၊၂း၁၀–၁၄)။

သခင်ယေရှု၏သဘာဝသည် ကျန်လူသားများနှင့်တစ်ထပ်တည်းဖြစ်ကြောင်း တိကျသည့် ကြေညာချက်တစ်ခုဖြစ်သည်။ "အသွေးအသား" ပင်ဖြစ်သည်။ အဘယ်ကြောင့် ဤကဲ့သို့ဖြစ်ရသည်ကို ဆက်လက်ပြီး ရှင်းလုံးဖော်ပြသည်။

"ထိုကြောင့် ခရစ်တော်သည် လူတို့၏အပြစ်ဖြေစရာအကြောင်းကို စီရင်၍ ဘုရားသခင်နှင့် စပ်ဆိုင်သောအရာတို့၌ ကရုဏာနှင့်၄င်း၊ သစ္စာနှင့်၄င်း၊ ပြည့်စုံသော ယဇ်ပုရောဟိတ်အကြီး ဖြစ်အံ့သောငှာ မိမိညီအစ်ကိုတို့နှင့် လုံးလုံးတူရသောအကြောင်းရှိ၏။ ထိုသို့စုံစမ်းနှောင့်ရှက်ခြင်းကို ကိုယ်တော်တိုင်ခံ၍ ဒုက္ခဆင်းရဲခြင်း၌ ကျင်လည်သောကြောင့် စုံစမ်းနှောင့် ရှက်ခြင်းအမှု နှင့် တွေ့ကြုံသောသူတို့ကို မစခြင်းငှါ တတ်နိုင် တော်မူ၏"(ဟေဗြဲ၊၂း၁၇–၁၈)။

အချုပ်အားဖြင့် ဖော်ပြရလျှင် သခင်ယေရှုသည် အပြစ်တရားအတွက် ကြီးမားသော ယဇ်ပူဇော်ခြင်းအမှုနှင့်ပြုလုပ်နိုင်ရန် မိမိကယ်တင်ရမည့်သူများနှင့် သဘာဝထပ်တူရှိရမည်။ သနားခြင်းကရုဏာရှိသော ယဇ်ပုရောဟိတ်အကြီးဖြစ်နိုင်ဖို့ရန် လူသားများ တွေ့ကြုံခံစားရသော စုံစမ်းခြင်းများကိုလည်း တွေကြုံခံစားရမည်။ ဤအကြောင်းအရာနှင့် ပတ်သက်၍ အောက်ပါကျမ်းပိုဒ်၌ရှင်းလင်းစွာ ဖော်ပြထားသည်။

"ငါတို့ယဇ်ပုရောဟိတ်မင်းသည် ငါတို့ခံရသော ဆင်းရဲဒုက္ခများကြောင့် မကြင်နာနိုင်သောသူမဟုတ်၊ ငါတို့ခံရသည်နည်းတူ အမျိုးမျိုးသော စုံစမ်းနှောင့်ရှက်ခြင်းတို့ကို ခံဘူးသောသူဖြစ်တော်မူ၏။ သို့ရာတွင် ဒုစရိုက်အပြစ်နှင့်ကင်းလွတ်တော်မူ၏"(ဟေဗြဲ၊၄း၁၅)။

သခင်ယေရှုသည် ကျွန်ုပ်တို့ခံစားရသည့် စုံစမ်းခြင်းအလုံးစုံကို ခံစားရခဲ့ရသည်ဟူသော အတွေးအခေါ်အား လူများလက်ခံရန် တုံ့ဆိုင်မှုဖြစ်ကြသည်။ ထိုကဲ့သို့ စုံစမ်းခြင်းကို ခံစားရခြင်း၊ တစ်နည်းအားဖြင့်

အပြစ်ကျူးလွန်ရန် တွန်းအားပေးမှုသည် သခင်ယေရှုအား ညစ်ညူးစေပြီး အပြစ်ဖွဲ့ခြင်းအပြစ်မှ အားလျော့စေသည်ဟု ထင်မှတ်ကြသည်။ ဤအယူအဆသည် မဟာအမှားပင်ဖြစ်ကြောင်း သခင်ယေရှု၏အသက်ရှင်ခြင်းနှင့် သေခြင်းတို့၌ ကြီးမားသည့် သမ္မာတရားကိုယ်ယောင်ပြမှုကို ဆက်လက်ပြီး လေ့လာကြပါစို့။

## ဘုရားသခင်၏သားတော် အဘယ့်ကြောင့် ဤကဲ့သို့မွေးဖွားခဲ့ရသနည်း။

မိမိ၏သားတော်အား ဤနည်းအတိုင်း ကမ္ဘာလောကထဲသို့ ခေါ်ဆောင်လာခြင်းတွင် ဘုရားသခင်၌ မည်သည့်ရည်ရွယ်ချက်ရှိသနည်း။ အောက်ပါကျမ်းချက်များအားဖြင့် ရှင်းလင်းစွာ သိရှိနိုင်ပေသည်။

"ထိုသားသည် မိမိလူတို့ကို အပြစ်မှကယ်ချွတ်မည့်သူဖြစ်သောကြောင့် ယေရှုဟူသောအမည်ဖြင့် မှည့်ရမည်" (မဿဲ၊၁း၂၁)။

"ဤလောက၏အပြစ်ကို ဆောင်သွားသော ဘုရားသခင်၏သိုးသငယ်ကို ကြည့်လော့" (ယောဟန်၊ ၁း၂၉)။

"ငါတို့သည် အပြစ်ရှိစဉ်ပင် ခရစ်တော်သည် ငါတို့အတွက်ကြောင့် အသေခံတော်မူသည်ဖြစ်၍ ဘုရားသခင်သည် ငါတို့ကို အဘယ်မျှလောက် ချစ်တော်မူသည်ကို ငါတို့အား ထင်ရှားစွာပြတော်မူ၏။ သို့ဖြစ်၍ ယခုတွင် အသွေးတော်အားဖြင့် ဖြောင့်မတ်ရာသို့ရောက်ပြီးမှ ထိုသခင်အားဖြင့် အပြစ်ငရဲမှ ကယ်ချွတ်တော်မူခြင်းသို့ရောက်မည်ဟု သာ၍မြော်လင့်စရာရှိ၏" (ရောမ၊ ၅း၈–၁၀)။

ဤထွက်ဆိုချက်များမှ ပေါ်ပေါက်လာသည့် ရှင်းလင်းသောသတင်းစကားမှာ ဘုရားသခင်၏ကြီးမြတ်သော လက်တော်အောက်တွင် သခင်ယေရှု၏လုပ်ဆောင်ချက်မှာ လူသားများ ဘုရားသခင်နှင့်ပြန်လည်၍ ပေါင်းစည်းနိုင်ရန် အပြစ်ကိုဖယ်ရှားဖို့ ယဇ်ပူဇော်ရန်ဖြစ်သည်။ ဤအရာသည် ခရစ်တော်၏ ကြီးမားသောရွေးနုတ်ခြင်းဖြစ်သည်။ ကျွန်ုပ်တို့သည် ရွေးနုတ်ခြင်း လိုအပ်သည်။ သမ္မာကျမ်းအတိုင်းဖော်ပြရလျှင် ကျွန်ုပ်တို့အား ကယ်တင်ရန်လိုအပ်သည်။ သို့တည်းမဟုတ်ပါက ဖေက်မြို့သားတို့သည် ဧဝံဂေလိသတင်းကို မကြားသိမီ ပေါလုဖော်ပြသည့် ၎င်းတို့၏ အခြေအနေနှင့် ထပ်တူဖြစ်သည်။

"ထိုအခါက သင်တို့သည် ခရစ်တော်ကိုမသိ၊ မြော်လင့်ခြင်းမရှိ လောက၌ ဘုရားမဲ့နေသည်ကို၎င်း အောက်မေ့ကြလော့"(ဖေက်၊၂း၁၂)။

အလွန်ပင် စိတ်ဓါတ်ပျက်ပြားစေသည့် ဆုံးဖြတ်ချက်တစ်ခုဖြစ်သည်။ ထိုနည်းတူပင် ကျွန်ုပ်တို့တွင်လည်း ဘုရားသခင်၏ ခရစ်တော်၌ လုပ်ဆောင်ချက်မှအပ အခြားမြော်လင့်ခြင်းမရှိပေ။ ထို့ကြောင့် ခရစ်တော်၏ဧဝံဂေလိသတင်း စကားသည် ရွေးချယ်ရယူနိုင်သည့် အပိုလုပ်ဆောင်ချက်မဟုတ်ဘဲ ထာဝရသေခြင်းငရဲမှ လွတ်မြောက်စေရန် မရှိမဖြစ်လိုအပ်သောအရာဖြစ်သည်။

## ခရစ်တော်၏အဓိကကျသည့်လုပ်ငန်း

ယခုအခါ ပြဿနာဟု ခေါ်ဆိုနိုင်သည့်အရာတစ်ခုကို ကျွန်ုပ်တို့ဖြေရှင်းရမည်။ လူသားသည် မိမိကိုယ်မိမိ သေခြင်းတည်းဟူသော အပြစ်တရား၏ နောက်ဆက်တွဲ အကျိုးဆက်များမှ မကယ်တင်နိုင်ပေ။ သို့သော်လည်း ဘုရားသခင်သည် လူသားများ ပျက်စီးသည်ကို မလိုလားဘဲကယ်တင်ခြင်းရရှိခြင်းကိုသာ လိုလားသည်(၂ပေ၊၃း၉၊ ၁တိ၊၂း၄)။ သို့ရာတွင် ဘုရားသခင်သည် မိမိ၏ဖြောင့်မတ်သော အခွင့်အာဏာကို စွန့်လွှတ်ခြင်းမပြုနိုင်ရန် အပြစ်တရားကိုလည်း လစ်လျူရှုထား၍ မရပေ။ ထို့ကြောင့် အပြစ်တရားကိုသိပြီး ရှုတ်ချကာ အောင်မြင်မှုကို ရယူရမည်။ သို့မှသာလျှင် လူသားများသည် စစ်မှန်သော စိတ်နှလုံးရှိသည့် သင်ခန်းစာအား ခံယူနိုင်ပြီး သမ္မာတရားအား မိမိတို့အတွက် အသိအမှတ်ပြုနိုင်မည်။ လူသားအားလုံးသည် မိမိတို့အားနည်းခြင်း၌ မစွမ်းဆောင်နိုင်

သည့်အရာအား မိမိတို့ ကိုယ်စား စွမ်းဆောင်ပေးနိုင်သည့် ရွေးနှုတ်သော ကယ်တင်ရှင် လိုအပ်သည်။

ထိုအခါတွင် ဘုရားသခင်သည် သူ၏သန့်ရှင်းသော ဝိညာဉ်တန်ခိုးတော်အားဖြင့် လူသားစစ်စစ်အနေနှင့် မွေးဖွားလာသော မိမိ၏တစ်ပါးတည်းသော သားတော်ကို ပေါ်လွင်ထင်ရှားစေခဲ့သည်။ သားတော်သည် လူသားထုတစ်ရပ်လုံးပေါ်သို့ သက်ရောက်သော စုံစမ်းခြင်းအလုံးစုံကို တွေ့ကြုံခံစားရသော်လည်း ပြတ်သားခိုင်မာစွာ ငြင်းပယ်ခဲ့သည်။ မိမိအလိုသို့ မလိုက် ဘုရားသခင်၏အလိုတော်သို့လိုက်ရန်သာ ရွေးချယ်ခဲ့သည်။ သခင်ယေရှုသည် ဤဆုံးဖြတ်ချက်အား မိမိတစ်ဦးတည်း၏ အလိုဆန္ဒအရသာ လုပ်ဆောင်ခဲ့ကြောင်း နားလည်သဘောပေါက်ရန် အရေးကြီးသည်။ ဘုရားသခင်၏အတင်းအကြပ် တိုက်တွန်းမှုအားဖြင့်သော်လည်းကောင်း၊ ကောင်းကင်ဘုံ၌ ကြိုတင်သိရှိထားပြီး မြတ်သော အသိတရားအားဖြင့်သော်လည်းကောင်း လုပ်ဆောင်ခြင်းမဟုတ်ပေ။

“ကိုယ်တော်သည် ဖြောင့်မတ်ခြင်းတရားကို နှစ်သက်၍ မတရားသောအမှုကို မုန်းတော်မူ၏။ ထို့ကြောင့် အိုဘုရားသခင် ကိုယ်တော်၏ဘုရားသခင်သည် ကိုယ်တော်၏အပေါင်းအပါတို့ထက် ကိုယ်တော်ကို ချီးမြှောက်၍ ဝမ်းမြောက်ခြင်းဆီနှင့် ဘိသိက်ပေးတော်မူသည်ဟု လာသတည်း”(ဟေဗြဲ၊၁း၉)။

ခရစ်တော်သည် လူ့အသွေးအသား သဘာဝအားဖြင့် လူသားထုအမျိုးအနွယ်အားလုံးကို ကိုယ်စားပြုကာ အပြစ်တရားပေါ် အနိုင်ရယူခဲ့သည်။ အပြစ်တရားသည် ယခင်က အောင်မြင်ခဲ့သော်လည်း သခင်ခရစ်တော်က မူလကျရှုံးမှုအား ပြောင်းလှန်စေသည်။ မိမိကိုယ်တိုင် အပြစ်မဲ့သောသူဖြစ်သောကြောင့် အပြစ်အတွက် မိမိကိုယ်ကို ယဇ်ပူဇော်နိုင်ခဲ့သည်။

လက်ဝါးကပ်တိုင်ပေါ်တွင် မိမိအသေခံခြင်းသည် လူသားထု၏အပြစ်များအတွက် ပေးဆပ်ခြင်းဖြစ်သည်။ ဘုရားသခင်သည်လည်း အပြစ်ကိုရှုတ်ချခြင်းအားဖြင့် မိမိ၏ဖြောင့်မတ်ခြင်းကို ထိန်းသိမ်းကာ ယခုတွင် မိမိ၏ချစ်ခြင်းမေတ္တာနှင့် ကျေးဇူးတော်တို့ကို ကြွယ်ဝစွာ သွန်းလောင်းနိုင်သည်။ ထိုမျှသာမက ခရစ်တော်၏လုပ်ဆောင်ချက်ကို အသိအမှတ်ပြုလက်ခံသော သူတို့အား အပြစ်မှခွင့်လွှတ်ခြင်းနှင့်မိမိနှင့် ပြန်လည်မိသဟာယဖွဲ့မှု ရယူခြင်းများသို့ လက်ဆင့်ကမ်းခဲ့သည်။

သခင်ယေရှုသည် သုံးပါးတစ်ဆူဘုရားသခင်၏ တစ်ပါးအပါအဝင်ဖြစ်၍ ကောင်းကင်ဘုံ၌တည်ရှိခဲ့ပြီးဖြစ်လျှင် နာဇရက်မြို့သားယေရှုအသက်တာအတွက် အသိတရားသည် နက်နဲစွာ ဩဇာလွှမ်းမိုးမည်မှာ သေချာ၏။ သခင်ယေရှု၏ ဘုန်းကြီးသော ရှင်ပြန်ထမြောက်ခြင်းနှင့် ချီးမြှောက်ခံရခြင်းတို့မှာ အမှန်တကယ်ဖြစ်လာ မည့်အရာများဟူ၍ ကြိုတင်သိရှိထားပြီးဖြစ်သည်။ ကြီးမားသော သဘာဝပီအားများကို ရင်ဆိုင်ရာ၌ ဘုရားသခင်အား နာခံရန် မိမိ၏ကိုယ်ပိုင် ဆန္ဒဖြင့် တမင်သက်သက်ရွေးချယ်ဘို့ မလို့အပ်တော့ပေ။ လူသားအမျိုးအနွယ်ကို ကိုယ်စားပြုသူတစ်ယောက် အနေနှင့် အပြစ်တရားအပေါ်၌ ကြီးမားသည့် အောင်မြင်မှုဖြစ်ပေါ်လာလိမ့် မည်မဟုတ်ပေ။ လိုအပ်သည့် အပြစ်ဖြေလွှတ်ခြင်းကိုလည်း အောင်မြင်စွာရရှိ နိုင်မည်မဟုတ်ပေ။

ခရစ်တော်၌ ဘုရားသခင်၏ရွေးနှုတ်ကယ်တင်ခြင်းလုပ်ငန်းအား နားလည်သဘောပေါက်နိုင်ရန် သခင်ယေရှု၏လူ့ဇာတိ အတွေ့အကြုံနှင့်သဘာဝ၏သမ္မာတရားကို နားလည်သဘောပေါက်ရန် လိုအပ်ပေသည်။

## သန့်ရှင်းသောဝိညာဉ်တော်

"ဘုရားသခင်တည်းဟူသော သန့်ရှင်းသောဝိညာဉ်တော်" ယုံကြည်သွန်သင်မှုသည် သုံးပါးတစ်ဆူ ဓမ္မအတွေးအခေါ်များထဲသို့ အေဒီ ၄ ရာစုနှင့် ၅ရာစု နှစ်များခန့်တွင် ဝင်ရောက်ခဲ့သည်။ ခမည်းတော်နှင့် သားတော်နောက်တွင် ဘုရားသခင်ဟူ၍ နောက်ဆုံးသော သတ်မှတ်ချက်ဖြစ်သည်။ တမန်တော်များ၏အယူဝါဒတွင် ထိုအချက်အား မသိရှိခဲ့ပေ။ Nicene နှင့် Athanasian အယူဝါဒများတွင် စတင်ပေါ်ပေါက်လာပြီး အချို့သော အာဏာပိုင်များ၏အယူအဆအရ နောက်ဆက်တွဲ အတွေးအခေါ်တစ်ခုဟူ၍ ခန့်မှန်းခဲ့သည်။

သန့်ရှင်းသောဝိညာဉ်တော်အား သမ္မာကျမ်း၏တင်ပြချက်သည် အလွန်ပင် ခြားနားသည်။ ဘုရားသခင်၏ လုပ်ဆောင်ချက်များကို စွမ်းဆောင်နိုင်ခြင်း အစွမ်းတန်ခိုးနှင့်ဩဇာလွှမ်းမိုးမှုပင်ဖြစ်သည်။ အစအဦး၌"ဘုရားသခင်၏ဝိညာဉ်တော်သည် ရေမျက်နှာပြင်ပေါ်မှာ လှုပ်ရှားတော်မူပြီး" ရလဒ်မှာ ဖန်ဆင်းခြင်းအဆင့်ဆင့် ဖြစ်ပေါ်လာခဲ့သည်။ ဆာလံဆရာ၏ဖော်ပြချက်အရ လူနှင့်တိရစ္ဆာန်တည်းဟူသော သက်ရှိသတ္တဝါအလုံးစုံသည် ဘုရားသခင်ကိုသာ မှီခိုအားထားကြရသည်။

"မျက်နှာတော်ကို လွှဲတော်မူလျှင် သူတို့သည် ပင်ပန်းကြပါ၏။ သူတို့ အသက်ကို ရုပ်သိမ်းတော်မူလျှင် သူတို့သည် သေ၍ မိမိတို့မြေမှုန့်ထဲသို့ ပြန်သွားကြပါ၏။ တဖန် ဝိညာဉ်တော်ကို လွှတ်၍ သူတို့ကို ဖန်ဆင်းတော်မူသဖြင့် မြေကြီးမျက်နှာကို အသစ်ပြုပြင်တော်မူ၏" (ဆာလံ၊၁၀၄း၂၉-၃၀)။

ဝိညာဉ်တော်အားဖြင့် ၎င်းတို့အသက်တာအလုံးစုံကို ထိန်းသိမ်းထားပေးသည်။

ရှေးပရောဖက်များ ဘုရားသခင်ထံမှ သတင်းစကားများကို ဖော်ပြခြင်းသည် မိမိတို့ကိုယ်ပိုင် အတွေးအခေါ်များအားဖြင့် တီထွင်ချက်များမဟုတ်ဘဲ "ဘုရားသခင်၏သန့်ရှင်းသောသူတို့သည် သန့်ရှင်းသောဝိညာဉ်တော်၏တိုက်တွန်းတော်မူခြင်းကို ခံရ၍ ဟောပြောကြ။" သခင်ယေရှုကိုယ်တိုင်ပင် ကြီးမားသော နိမိတ်လက္ခဏာလုပ်ဆောင်ခြင်း၊ အသက်အကြောင်း ဟောကြားခြင်းတို့မှာ သန့်ရှင်းသောဝိညာဉ်တော်နှင့်လည်းကောင်း၊ တန်ခိုးတော်နှင့်လည်းကောင်း ဘိသိက်ပေးတော်မူသောကြောင့်ဖြစ်သည်(တမန်၊၁၀း၃၈)။ လုပ်ဆောင်မှုများကို ဖော်ပြရာတွင် သန့်ရှင်းသောဝိညာဉ်သက်ကို ပုဂ္ဂိုလ်တဦးအနေဖြင့် မည်သည့်နေရာမှ အကြံပြုထားခြင်းမရှိပါ။

## ကျမ်းပိုဒ်အချို့ကို ပြန်လည်သုံးသပ်ခြင်း

ဓမ္မသစ်ကျမ်းတွင်ပါရှိသော အချို့ကျမ်းချက်များသည် သခင်ယေရှု ကောင်းကင်ဘုံတွင် အစအဦး၌တည်ရှိပြီး သုံးပါးတစ်ဆူ ယုံကြည်ချက်ကို အတည်ပြုသကဲ့သို့ ကောင်းကင်ဘုံမှဆင်းကြွလာကြောင်း ဖော်ပြသည် မဟုတ်သည်မဟုတ်လော။

၎င်းခံယူချက်များကို လက်ခံအတည်ပြုသော ကျမ်းပိုဒ်အချို့ကိုလည်းတွေ့ရှိရပေသည်။ အံ့ဩဖွယ်ကောင်းသောအချက်မှာ ထိုသို့သောအရာ အလွန်နည်းပါးခြင်းပင်ဖြစ်သည်။ ကျမ်းစာအုပ်တစ် အုပ်လုံးတွင် (၆)ချက် ခန့်သာပါရှိသည်။ ဤကဲ့သို့ အတိုချုပ်ရေးသားသော ဆောင်းပါး၌ ၎င်းကျမ်းချက်များအား အသေးစိတ် သုံးသပ်ရန် မဖြစ်နိုင်သော်လည်း ကျန်သမ္မာကျမ်းများနှင့် ကိုက်ညီစွာ သဘောပေါက် နားလည်နိုင်ရန် အကြံပြုချက်တစ်ချို့ကို ဖော်ပြပါသည်။

**၁။ "တဖန်ဘုရားသခင်က ငါတို့ပုံသဏ္ဍာန်နှင့်တညီတသဏ္ဍာန်တည်း လူကို ဖန်ဆင်းကြစို့" (ကမ္ဘာ၊ ၁း၂၆)**

သုံးပါးတစ်ဆူယုံကြည်ချက်အား ထောက်ခံရန် တင်ပြသည့် ဓမ္မဟောင်းထဲမှ ကျမ်းချက်တစ်ချက် ဖြစ်သည်။ ထူးခြားသည့် အချက်မှာ ဂျူးလူမျိုးများသည် ဓမ္မဟောင်းအား မိမိတို့၏ဟေဗြဲဘာသာစကားအားဖြင့် ရေးသားထားခြင်းကို လက်ခံရရှိခဲ့ကြသော်လည်း ၄င်းတို့ထံမှ သုံးပါးတစ်ဆူ အတွေးအခေါ်များ ထွက်ပေါ်လာခြင်းမရှိခဲ့ပေ။ အမှန်မှာ ၄င်းတို့သည် ဆန့်ကျင်ဖက်ဖြစ်သည့် တစ်ဆူတည်းသော ဘုရားကိုသာ ခိုင်မာစွာ ယုံကြည်ခဲ့ကြသည်။ အသင်းတော်၏ယုံကြည်ချက်များအား လေ့လာနေသည့် ဂျူးလူမျိုးတစ်ဦးအတွက် သုံးပါးတစ်ဆူ ယုံကြည်ချက်သည် အမြဲပင်ကြီးမားသော ဟန့်တားမှုဖြစ်ခဲ့သည်။

အထက်ပါ ကျမ်းပိုဒ်တွင် ဘုရားသခင်အား Elohim ဟူသော ဝေါဟာရဖြင့် ခေါ်ဆိုသည်။ ထိုဝေါဟာရသည် အများကိန်းကို ဖော်ပြခြင်းဖြစ်သော်လည်း တစ်ဦးချင်းလည်း အဓိပ္ပါယ်သက်ရောက်စေသည်။ အများအားဖြင့် ဘုရားသခင်နှင့်ဆက်ဆံ၍သာ အသုံးပြုသော်လည်း တစ်ခါတစ်ရံတွင် ဘုရားသခင်၏အခွင့်အာဏာကို ရရှိထားသူများနှင့် စပ်လျဉ်း၍ အသုံးပြုသည်။ ဣသရေလနိုင်ငံ၏တရားသူကြီးများသည် ဘုရားသခင် နာမတော်၌ တရားစီရင်ချက်ချမှတ်ရသည့်အတွက် ၄င်းတို့နှင့်ပတ်သက်ပြီး အသုံးပြုလေ့ရှိသည်။ "သင်၏အမျိုးကို အုပ်စိုးသောမင်းကိုမကျိန်ဆဲရ"(ထွက်၊၂၂း၂၈)။ တိုင်းနိုင်ငံကို အုပ်စိုးသောမင်းများကိုလည်း ခေါ်ဆိုသည်။ ၄င်းတို့သည် "မတရားသဖြင့် စီရင်ကြသဖြင့်" (၄ယ်၊၂) "လူကဲ့သို့သေကြလိမ့်မည်" (အ၄ယ်၊၇)။ဆာ၊၈း၄တွင် "သူ့(လူ)ကိုကောင်းကင်တမန်တို့ အောက်၌ (Elohim) အနည်းငယ်နိမ့်တော်မူသည်" ဟုဖော်ပြသည်။ (ဟေဗြဲ၊၂း၇ တွင်လည်း ဖော်ပြထားသည်)။

ဤအသုံးအနှုန်းနှင့်လိုက်လျောညီထွေရှိသော ကမ္ဘာဦးကျမ်း၏ ဖော်ပြချက်သည် ကောင်းကင်တမန်များနှင့်ပတ်သက်ပြီး အကောင်းဆုံးသော နားလည်သဘောပေါက်မှုလိုပေသည်။ မည်သည့် နေရာတွင်မှ သုံးပါးတစ်ဆူ ဘုရားသခင်ကို ရှင်းလင်းစွာ ရည်ညွှန်းထားခြင်းမရှိပေ။ အချို့ ကျမ်းပိုဒ် များအား ဓမ္မသစ်ကျမ်းတွင် ပြန်လည်၍ ဖော်ပြထားသော်လည်း သုံးပါး တစ်ဆူ အတွေးအခေါ်သဘောတရား မသက်ရောက်ပေ။ ကနဦးရာစုများက အငြင်းပွားမှုများတွင်လည်း ဤကျမ်းချက်ကို ကိုးကားပြီး အသုံးမပြုခဲ့ကြပေ။

## ၂။ အစအဦး၌နှုတ်ကပတ်တော်ရှိ၏ (ယောဟန်၊၁း၁)

တမန်တော်ယောဟန်သည် ဂရိဝေါဟာရ (Logos နှုတ်ကပတ်တော်)အား မည်သည့်သဘောတရားနှင့် အသုံးပြုလျက်ရှိသည်ကို နားလည်သဘောပေါက်ရန် အရေးကြီးသည်။ အနက်အဓိပ္ပါယ်အား ထိုခေတ်အခါက ဂရိပညာရှင်တို့၏ အတွေးအခေါ်များထဲတွင် ရှာဖွေလေ့လာခြင်းမပြုဘဲ ဓမ္မဟောင်းကျမ်းများတွင်ပါရှိသော ဟေဗြဲအတွေး အခေါ်များတွင် ရှာဖွေရန် ဖြစ်သည်ဟူ၍ ယခုခေတ်တွင် ယေဘုယျအားဖြင့် သဘောတူညီကြသည်။ ဂျူးဘာသာရေး အတွေးအခေါ်နှင့် အရေးအသားတွင် နှုတ်ကပတ်တော်နှင့် ပညာဉာဏ်သည် ဘုရားသခင်နှင့်ပတ်သက်၍သာ သုံးနှုန်း ကြသည်။ ပညာဉာဏ်နှင့်ပတ်သက်၍ သုတ္တံကျမ်းတွင် ထူးခြားသော ကျမ်းချက်တစ်ခုပါရှိပေသည်။

"ငါ့ဉာဏ်ပညာသည် သမ္မာသတိနှင့်ပေါင်း၍၊ လိမ္မာသော သိပ္ပံအတတ်များကို ဘော်တတ်၏။ ထာဝရဘုရားသည် ရှေးအမှုတော်ကို မပြုမှီ ထွက်ကြွတော်မူစကပင် ငါ့ကို ပိုင်တော်မူ၏။ မြေကြီးမဖြစ်မှီ ရှေးဦးစွာသော ကာလ အနန္တကာလမှစ၍ ငါသည် ဘိသက်ခံပြီး။မိုးကောင်းကင်ကို ပြင်တော်မူသောအခါ ငါရှိ၏"(သုတ္တံ၊ ၈း၁၂၊ ၁၄၊ ၂၂–၂၃၊ ၂၇)။

အောက်ပါကြေညာချက်နှင့်ဆက်လက်ပြီး ပေါင်းစည်းပါ။

“ထာဝရဘုရား၏နှုတ်ကပတ်တော်အားဖြင့် မိုဃ်းကောင်းကင်ကို ငင်း” (ဆာလံ၊ ၃၃း၆)။

ဂရိဘာသာစကားဖြင့်ရေးသားသော ဤဆာလံတွင် “နှုတ်ကပတ်” သည် Logos ဖြစ်သည်။ ထိုအချိန်က ARAMAIC ထုတ်ဖော် ဝေဖန်ချက်များတွင် Memra (နှုတ်ကပတ်) သည် ဘုရားသခင်၏နာမတော် အနေနှင့် အသုံးပြုခဲ့သည်။ ယောဟန်ခေတ်ကာလက ဂရိအတွေးအခေါ် ပညာ၌ Logos ကို လက်ရှိအသုံးပြုနေသည့်အတွက် ယောဟန်က စစ်မှန်သော သမ္မာကျမ်းဖော်ပြချက်ကို ဖော်ထုတ်ဖို့ရန် လိုအပ်ပေသည်။ Logos သည် စိတ်အတွေးအခေါ်၌ ဆင်ခြင်မှုတစ်ရပ်မှ လုပ်ဆောင်ချက် အားဖြင့် သရုပ်ဖော်သည့်အခါ ဘုရားသခင်၏ဉာဏ်ပညာအား မိမိ၏ ရည်ရွယ်ချက်ဖြင့် သရုပ်ဖော်ဆောင်ခြင်းဖြစ်လာပေသည်။ ထို့ကြောင့် နှုတ်ကပတ်တော်သည် ဘုရားသခင်၏အတွေးအခေါ်အား ကိုယ်စား ပြုပေသည်။ နှုတ်ကပတ်တော်သည် ဘုရားသခင်ဖြစ်ပြီး အခြားအနက် ဖော်ဆိုချက်တစ်ခုတွင် “ဘုရားသခင်၏အဖြစ်သည် နှုတ်ကပတ်တော်၏ အဖြစ်” ပင်ဖြစ်သည်။ ဘုရားသခင်၏စစ်မှန်သောအရေးပါပုံမှာ မိမိ၏ အတွေးအခေါ်နှင့် အလိုတော်ပင်ဖြစ်သည်။

“ နှုတ်ကပတ်တော်သည်လည်း လူ့ဇာတိအဖြစ်ကို ခံယူ၍” (၁ယော၊၁း၁၄)ဘုရားသခင်၏ သားတော်တည်းဟူသော သခင်ယေရှုမွေးဖွားလာခဲ့သည်။ လူပြန်လည်ဝင်စားသော သားတော်မဟုတ်ဘဲ ပြန်လည်ဝင်စားသော နှုတ်ကပတ်တော်ပင်ဖြစ်သည်။ ဘုရားသခင်တည်းဟူသော သားတော် ကြိုတင်တည်ရှိသည်ကို ရှေးဦးစွာယူဆခြင်းသည် သဘာဝမကျပေ။ ယောဟန်၏“နှုတ်ကပတ်”အားလည်း ထိုကဲ့သို့ အဓိပ္ပါယ်ကောက်ယူရန် မဖြစ်နိုင်ပေ။ သမ္မာကျမ်း၏သွန်သင်မှုများသည် ဤကဲ့သို့သော ယုံကြည်ချက်သွန်သင်မှုများအား အထောက်အကူမပြုကြောင်းဖော်ပြရန် ကျွန်ုပ်တို့ ကြိုးပမ်းခဲ့ပြီးဖြစ်သည်။

**၃။ “အကြောင်းမူကား၊ ငါသည် ကိုယ်အလိုသို့လိုက်ခြင်းငှါ ကောင်းကင်မှ ဆင်းသက်သည်မဟုတ်။ ငါ့ကိုစေလွှတ်တော်မူသောသူ၏ အလိုတော်သို့လိုက်ခြင်းငှါ ဆင်းသက်၏” (ယောဟန်၊ ၆း၃၈)။**

မည်သည့်အဓိပ္ပါယ်ဖြင့် သခင်ယေရှုကောင်းကင်ဘုံမှ ဆင်းကြွလာခဲ့သနည်း။ မွေးဖွားခြင်းနှင့်ပတ်သက်သည့် အကြောင်းတွင် သခင်ယေရှုပေါ်ထွန်းလာခြင်းမှာ မိခင်မာရိအပေါ်သို့ သန့်ရှင်းသော ဝိညာဉ်တော် (အထက်မှာအကြီးမားဆုံး သောတန်ခိုး) ဆင်းသက်တော်မူခဲ့ခြင်းကြောင့်ဖြစ်သည်။ ဘုရားသခင်၏ ဝိညာဉ်တော်တိုက်ရိုက်ပါဝင် လုပ်ဆောင်မှုအားဖြင့် သခင်ယေရှု မွေးဖွားခဲ့သည်။ ထူးခြားသည့်အချက်မှာ လူသားထုတစ်ရပ်လုံး၌ သခင်ယေရှုတစ်ဦးတည်းသာလျှင် ကောင်းကင်ဘုံမှဆင်းသက်လာသည်ဟူ၍ ပြောကြားထွက်ဆိုနိုင်သည်။

သခင်ယေရှုသည် ကောင်းကင်ဘုံ၏ပါဝင်ပတ်သက်မှုအားဖြင့် မိမိနှင့်မိမိ၏ထွက်ဆိုချက်အား ငြင်းပယ်ခဲ့သည်။ ဂျူးလူမျိုးများအကြားတည်ရှိနေသည့် ကြီးမားသော ခြားနားမှုကို ထောက်ပြနိုင်ခဲ့သည်။ တမန်တော် ယာကုပ်က ပညာတရားနှစ်ခုရှိကြောင်း ကြေညာခဲ့သည့်အခါ အဖိုးထိုက်တန်သော သဲလွန်စတစ်ခုကို ဖော်ပြခဲ့သည်။ ပညာတရားတစ်ခုမှာ ကာမဂုဏ်လိုက်စားခြင်းနှင့် သက်ဆိုင်ပြီး ဆိုးညစ်သည်။ ကျန်တစ်ခုမှာ အထက်က သက်ရောက်သည့်အရာဖြစ်သဖြင့် ဖြည်းညှင်းသောသဘောရှိခြင်း၊ စင်ကြယ်ခြင်း၊ အသင့်အတင့်နေတတ်ခြင်းရှိသည် (ယာကုပ်၊ ၃း၁၄–၁၈)။ ပထမတစ်ခုမှာ မိမိစိတ်အလိုဆန္ဒများကိုသာ ဖြည့်ဆည်းသော လူသား၏သဘာဝအတွေးအခေါ်ဖြစ်သည်။ ဒုတိယမှာ

ဘုရားသခင်၏စိတ်နှင့်အတွေးအခေါ်ဖြစ်သည်။ သခင်ယေရှုက မိမိကြွလာခြင်းသည် မိမိအလိုဆန္ဒအား ဖြည့်ဆည်းရန်မဟုတ်။ မိမိအား စေလွှတ်တော်မူသောသူ၏ အလိုတော်သို့ လိုက်ရန်သာဖြစ်ကြောင်း အတိအကျပြောကြားခဲ့သည်။ ထို့ကြောင့် ဂျူးလူမျိုးများအား ပြောဆိုနိုင်ခဲ့သည်။

"ယေရှုကလည်း သင်တို့သည် အောက်သားဖြစ်ကြ၏။ ငါမူကား အထက်သားဖြစ်၏" (ယောဟန်၊ ၈း၂၃)။

"ငါ့ကိုမြင်သောသူသည် ခမည်းတော်ကိုမြင်၏" (ယောဟန်၊ ၁၄း၉)။

သခင်ယေရှုနှင့်ဘုရားသခင်သည် ပုဂ္ဂိုလ်တစ်ဦးတည်း မဟုတ်သော်ငြားလည်း သားတော်သည် ခမည်းတော်၏ အတွေးအခေါ်နှင့်ပညာတရားကို ပြည့်စုံစွာ ရောင်ပြန်ဟပ်စေသည်။

၄။ **"အိုအဘ၊ ဤကမ္ဘာမတည်မရှိမှီ အထံတော်၌ အကျွန်ုပ်ခံစားသော ဘုန်းအသရေနှင့် ယခုတွင်လည်း အကျွန်ုပ်ကို အထံတော်၌ ချီးမြှောက်တော်မူပါ။ အိုအဘ၊ ကိုယ်တော်သည် ဤကမ္ဘာ မတည်မရှိမှီ အကျွန်ုပ်ကို ချစ်၍" (ယောဟန်၊ ၁၇း၅၊၂၄)။**

သခင်ယေရှုသည် သီးခြားပုဂ္ဂိုလ်တစ်ဦးအနေနှင့် မရပ်တည်မီ ဘုရားသခင်၏ဂုဏ်ပြုခြင်းနှင့် ချစ်ခင်ခြင်းကို ခံရကြောင်း ကျွန်ုပ်တို့ သဘောပေါက်ရန် အခက်အခဲနှင့်ကြုံတွေ့ရကြပေသည်။ အမှန်မှာ အချိန်အပေါ်တွင် ကျွန်ုပ်တို့၏ကန့်သတ်သော အမြင်အားဖြင့် ပြဿနာပေါ်ပေါက်လာရခြင်းဖြစ်သည်။

အချိန်ကာလ ရွှေ့လျားမှုသည် ကျွန်ုပ်တို့အတွက် မျဉ်းတစ်ကြောင်း ကဲ့သို့ပင်ဖြစ်သည်။ သီးခြားဖြစ်ရပ်များသည် လိုင်းပေါ်တွင် တိကျသည့် အမှတ်များဖြစ်သည်။ ထို့ကြောင့် အာဗြဟံ၊ မောရှေ၊ ဒါဝိဒ်၊ ဒံယေလ၊ ခရစ်တော်နှင့်တမန်တော်များ အချိန်အတိုင်း အတာအရ ပေါင်းစည်းဆက်နွယ် မှုကို ဖော်ပြရလျှင် အောက်ပါအတိုင်းဖြစ် ပေမည်။




မြင်တွေ့နိုင်သည့် ပုံရိပ်အစီအစဉ်သည် မလွဲမသွေ ပေါ်ပေါက်လာသည်။ ရာဇဝင်သမိုင်းတွင် ၄င်းတို့ ပါဝင်ပတ်သက်သည့် ကဏ္ဍအား အခြားနည်းလမ်းဖြင့် တွေးခေါ်ဖော်ပြ၍ မဖြစ်နိုင်ပါ။ သို့ရာတွင် ဤသို့ဖြစ်ခြင်းသည်လည်း ကျွန်ုပ်တို့၏ကန့်သတ်ချက်ရှိသော အတွေးအခေါ်များကြောင့်ပင်ဖြစ်သည်။ ကြာမြင့်ပြီးဖြစ်သည့် အတိတ်အား ကျွန်ုပ်တို့ အသိတရားမရှိသကဲ့သို့ အနာဂတ်အတွက်လည်း ထိုနည်းတူပင် ဖြစ်သည်။

သို့ရာတွင် ဘုရားသခင်၏အကြံအစည်တော်သည် ဤကန့်သတ်ချက်များအားဖြင့် ထိန်းချုပ်ထားခြင်းမရှိပေ။ ဘုရားသခင်၏စိတ်အတွေးအခေါ်သည် အစွမ်းတန်ခိုး၌ အတိုင်းအဆ၊ ကန့်သတ်ချက်မရှိပေ။ အတိတ်အခြေအနေ၊ အနာဂတ်အခြေအနေတို့အား သိနိုင်သည့် စွမ်းဆောင်မှုရှိသည်။ ထို့ကြောင့် ကျွန်ုပ်တို့သည် ဘုရားသခင်၏အချိန်အတိုင်းအတာအတွက် အတွေ့အကြုံအားလုံး မျဉ်းတစ်ခုဖြင့် ကိုယ်စားပြုသတ်မှတ်၍ မရပေ။ အောက်တွင်ဖော်ပြသည့် ပုံစံနှင့်ပိုမိုသဏ္ဍာန်တူနီးစပ်မည်။

မောရှေသည် အာဗြဟံမတိုင်မီက မတည်ရှိခဲ့ကြောင်း ဒါဝိဒ်သည် ဒံယေလထက် လေးရာစုခန့်စောပြီး တည်ရှိခဲ့ကြောင်း ကျွန်ုပ်တို့သိရှိကြသည်။ သို့ရာတွင် ပုံတွင် ဖော်ပြသည့်အတိုင်း ဘုရားသခင်သည် စက်ဝိုင်းခြမ်း၏ဗဟိုတွင် တည်ရှိနေသည်။ ၄င်းတို့ အသီးသီးနှင့် အကွာအဝေး တူညီနေပေသည်။ ကျွန်ုပ်တို့ခံယူသည် အကွာအဝေးဟူသော အရာသည် ဘုရားသခင်၏အတိုင်းအဆ အကန့်အသတ်မရှိသည့် အသိတရားအား ကိုယ်စားပြုသည်။ တစ်ဦးချင်း မိမိကိုယ်မိမိ ဖြစ်စေလိုသည့်

အရာအား မမွေးဖွားမီကပင် အသိတရားရှိခဲ့သည်။ ၎င်းတို့အား ပုံဖော်နိုင်ပြီး ၎င်းတို့နှင့်ပတ်သက်၍ ပရောဖက်ပြုနိုင်ပေသည်။ သားတော်သည် မည်သို့သော ပုဂ္ဂိုလ်ဖြစ်မည်ကို အမှန်တကယ်မွေးဖွားပြီး သီးခြားပုဂ္ဂိုလ်တစ်ဦးအနေနှင့် မတည်ရှိစဉ်ကာလကပင် အဖခမည်းတော် သိရှိခဲ့သည်။ သားတော်မှ တစ်ဆင့် မိမိ၏လုပ်ဆောင်မှုများကို စီစဉ်ရေးဆွဲနိုင်သည်။ မိမိ၏တစ်ပါး တည်းသော သားတော်အား ကြိုတင်၍ဂုဏ်ကျက်သရေနှင့် ပြည့်စုံစေပြီး ချစ်ခင်နိုင် ပေသည်။




**တမန်တော်ပေတရု၏အဆို**

"ထိုခရစ်တော်အား ဤကမ္ဘာမတည်မရှိမီ ခန့်ထားတော်မူခြင်းကို ခံနှင့်သည်ဖြစ်၍ ကိုယ်တော်အားဖြင့် ဘုရားသခင်ကို ယုံကြည်သောသင်တို့အဘို့ ဤနောက်ဆုံးသောကာလ၌ ထင်ရှားတော်မူပြီ" (၁ပေ၊၁း၂၀)။ အချို့ဘာသာပြန်ဆိုမှုများတွင် "ခန့်ထားတော်မူခြင်း"ကို ကြိုတင်သိရှိသည်၊ ကြိုတင်ပြီး ဘိသိက်သည်ဟူ၍ ပြန်ဆိုကြသည်။)

ထို့အပြင် သခင်ယေရှုကလည်း ဂျူးလူမျိုးများကို ပြောကြားခဲ့သည်။

"သင်တို့အဘ အာဗြဟံသည် ငါကြွလာမည့်အချိန်ကာလကို မြော်မြင်ခြင်းငှါ အလွန်အလိုရှိ၏။ ငါအမှန်အကန်ဆိုသည်ကား အာဗြဟံမဖြစ်မီ ငါဖြစ်၏ဟု မိန့်တော်မူ၏။" (ယောဟန်၊ ၈း၅၆–၅၈)

အာဗြဟံသည် ကတိတော်များအား လက်ခံရရှိပြီးသည့်နောက်ပိုင်းတွင် "လူမျိုးအပေါင်းတို့သည် ကောင်းချီမင်္ဂလာကို ခံရကြမည်အကြောင်း" မျှော်လင့်စောင့်ဆိုင်းခဲ့သည်။ မိမိသည် ကြွလာမည့်အရှင်ဖြစ်ပြီး ဘုရားသခင်၏ရည်ရွယ်ချက်၌ အာဗြဟံထက်ပင် ဦးစားပေးမှုရှိကြောင်း သိရှိခဲ့သည် (ကမ္ဘာ၊ ၁၂း၃)။

**၅။ "ထိုသားတော်သည် မျက်မြင်မရသော ဘုရားသခင်၏ပုံသဏ္ဍာန်တော်ဖြစ်၏။ ဝေနေယျသတ္တဝါအပေါင်းတို့တွင်လည်း သားဦးဖြစ်တော်မူ၏။ ထိုသခင်အဘို့အလို့ငှာ၄င်း၊ ခပ်သိမ်းသော အရာမဖြစ်မီ ဖြစ်တော်မူ၍ ခပ်သိမ်းသောအရာတို့သည် တန်ခိုးတော်အားဖြင့်သာတည်ကြ၏။ အသင်းတော်တည်းဟူသော ကိုယ်၏ဦးခေါင်းဖြစ်တော်မူ၏။ အရာရာ၌ထူးမြတ်ခြင်းငှါ မူလအရင်းဖြစ်၍ သေသောသူတို့တွင် သားဦးဖြစ်တော်မူ၏။အကြောင်းမူကား ခပ်သိမ်းသော ပြည့်စုံခြင်းကို သားတော်၌ ကျိန်းဝပ်စေခြင်းငှါ၄င်း" (ကောလော၊ ၁း၁၅–၁၈)။**

ဘုရားသခင်၏ကြိုတင်သိရှိသော အသိတရားမူဝါဒသည် နောက်ဆုံးတွင် ဖော်ပြထားသည့် ကျမ်းချက်အစိတ်အပိုင်းအား နားလည်သဘောပေါက်နိုင်စေရန် ကြီးမားသော အထောက်အကူပြုပေသည်။ ထို့ကြောင့် ရှင်ပေါလုသည် ကမ္ဘာလောကအတွက် ဘုရားသခင်၏ ရည်ရွယ်ချက်၌ ခရစ်တော်၏ကြိုတင်ထင်ပေါ်မှုရှိသော အဆင့်အား အလေးပေးထားခြင်း ဖြစ်သည်။

သခင်ယေရှုသည် "ဘုရားသခင်၏ပုံသဏ္ဍာန်"ဖြစ်သည်ဟူသော အချက်မှာ မည်သည့်အဓိပ္ပါယ်သက်ရောက်သနည်း။ ပေါလုကကောရိန္တုအသင်းတော်အား ရှင်းလင်းဖော်ပြခဲ့သည်။

“…မှောင် မိုက်ထဲက အလင်းထွန်းလင်းမည်အကြောင်း မိန့်တော်မူသော ဘုရားသခင်သည် ယေရှုခရစ်၏မျက်နှာ၌ ထွန်းလင်းသော ဘုရားသခင်၏ ဘုန်းတော်ကိုသိသော ဉာဏ်၏အရောင်ကို ပေးလိုသောငှါ သူတို့စိတ်နှလုံးထဲ၌အလင်းကို ထွန်းလင်းစေတော်မူ၏ ”(၂ကော၊၄း၄–၆)။

ခရစ်တော်သည် ဘုရားသခင်၏ပုံသဏ္ဌာန်တော်ဖြစ်ခြင်းမှာ မိမိသည် ဘုရားသခင်၏ဘုန်းတော်အတွက် အသိတရားအလင်းကို ပေးခြင်းကြောင့်ဖြစ်သည်။ မိမိ၏အကျင့်စရိုက်အားဖြင့် ဖော်ပြခြင်းဖြစ်သည်။ ဘုရားသခင်၏ဘုန်းတော်ဆိုသည်မှာ တောက်ပသောအလင်းရောင် သို့မဟုတ် နိမိတ်လက္ခဏာအစွမ်းတန်ခိုးမဟုတ်ပေ။ သန့်ရှင်းခြင်း၊ သမ္မာ တရားနှင့်သနားခြင်း ကရုဏာ၌တည်ရှိသော ဘုရားသခင်၏ စရိုက်လက္ခ ဏာပင်ဖြစ်သည်။ယောဟန်၏ဖော်ပြချက်အရ သခင်ယေရှု၏ စရိုက်လက္ခဏာတွင် ပုံရိပ်ပေါ်လွင်ထင်ရှားလျက် ရှိနေပေသည်။

“ခမည်းတော်၌ တပါးတည်းသော သားတော်၏ဘုန်းကဲ့သို့ သူ၏ဘုန်းတော်ကို ငါတို့သည် မြင်ရကြပြီ” (ယော၊ ၁း၁၄)။

သခင်ယေရှုသည် ဘုရားသခင်၏ပုံသဏ္ဌာန်တော်ဖြစ်သည်ဟု ဆိုရာ၌ ကာယပိုင်းဆိုင်ရာ ပုံသဏ္ဌာန်တူညီခြင်းမဟုတ်ဘဲ ခမည်းတော်၏ဝိညာဉ်တော်၊ သမ္မာတရားနှင့် ကျေးဇူးတော်ပုံရိပ်ထင်ဟပ်ခြင်းပင်ဖြစ်သည်။

သခင်ယေရှုသည် ခပ်သိမ်းသော ဖန်ဆင်းခြင်းတို့၏သားဦးဖြစ်တော်မူ၏။ ဓမ္မသစ်ကျမ်းထဲ၌ သားဦးဟူ၍ နှစ်ကြိမ်ခေါ်ဆိုထားခြင်းသည် လူသားအမျိုးအနွယ်ထဲတွင် သေခြင်းမှထာဝရအသက်ရှင်ခြင်းသို့ ရောက်ရှိသော အဦးဆုံးသော လူသားပင်ဖြစ်သည်။

ယေရှုခရစ် “သေသောသူတို့တွင် သားဦးဖြစ်တော်မူထသော ” (ဗျာ၊၁း၅)။

“ခရစ်တော်သည် သေခြင်းမှအဦးဆုံးထမြောက်၍” (တမန်၊ ၂၆း၂၃)။

“အများသောညီတို့တွင် သားဦးဖြစ်တော်မူမည်အကြောင်း” (ရောမ၊ ၈း၂၉)။

သခင်ယေရှုသည် ထာဝရရှင်သန်သူများ၏အသစ်သောဖန်ဆင်းခြင်း၌ အစဦးဖြစ်သည်။ ခရစ်တော်၌ လက်ရှိ ယုံကြည်သူများသည် ဤကတိတော်၌ခရစ်တော်နှင့်အတူ အမွေခံများဖြစ်ကြသည်။ (ရောမ၊၈း၁၇)။

၆။ ယေရှုခရစ်၌ရှိသော ထိုစိတ်သဘောကို သင်တို့၌လည်း ရှိစေကြလော့။ ထိုသခင်သည် ဘုရားသခင်၏ သဏ္ဌာန်တော်နှင့်ပြည့်စုံတော်မူသည်ဖြစ်၍ ဘုရားသခင်နှင့်ပြိုင်သောအမှုကို လုယူခြင်းအမှုဟူ၍ မထင်မမှတ်လျက်ပင် မိမိအသရေကိုစွန့်၍ အစေခံကျွန်၏သဏ္ဌာန်ကို ယူဆောင်လျက် လူကဲ့သို့သော အပြစ်၌ဘွားမြင်ခြင်းကို ခံတော်မူ၏။ ထိုသို့ လူ၏ဂုဏ်အင်္ဂါလက္ခဏာနှင့် ပြည့်စုံလျက် အသေခံခြင်းသာမဟုတ်၊ လက်ဝါးကပ်တိုင်မှာ အသေခံခြင်းတိုင်အောင် အစေကျွန်ခံ၍ ကိုယ်ကိုယ်ကို နှိမ့်ချတော်မူ၏ ” (ဖိလိ၊ ၂း၅–၈)။

ဤကျမ်းပိုဒ်ကို ရေးသားခြင်း၌ ပေါလု၏ယေဘုယျရည်ရွယ်ချက်အား သံသယဖြစ်ဖွယ်မရှိပေ။ ခရစ်တော်၏နောက်လိုက်များသည် မိမိကိုသခင်ကဲ့သို့ စိတ်နှိမ့်ချစွာ ပုံသက်သေပြ အသက်ရှင်ရမည်။ ရှင်ပေါလုသည် ခရစ်တော်၏အတွေ့အကြုံ ပုံသဏ္ဌာန်နှင့်ပတ်သက်သည့် ဝေဖန်ချက်များအား ဖော်ပြခဲ့သော်လည်း မိမိ၏လေ့လာချက်များအား အနက်အမျိုးမျိုး ဖော်ဆောင်ခဲ့ကြသည်။

“ဘုရားသခင်၏သဏ္ဌာန်တော်၌”ဟူသော ဝေါဟာရသည် ပြဿနာတစ်ခုပေါ်ပေါက်စေသည်။ “သဏ္ဌာန်တော်”ဟု ခေါ်ဆိုရာ၌

ပေါလုသည် မည်သည့်အဓိပ္ပါယ်ကို ရည်ညွှန်းနေပေသနည်း။ သခင်ယေရှုသည် လူသားတို့၌ ထာဝရတည်ရှိသော ပုဂ္ဂိုလ်အနေနှင့်ပေါ်ပေါက်လာခြင်း မဟုတ်သောကြောင့် ကာယပိုင်း အဓိပ္ပါယ်ဖော်ဆိုခြင်းမဖြစ်နိုင်ပေ။ ရှင်ပေါလု သည် "အစေခံကျွန်၏သဏ္ဍာန်"ဟူ၍ ထပ်မံပြီး အသုံးပြုခဲ့သည်။ သခင်ယေရှုသည် တပည့်တော်များရှေ့တွင် ဒူးထောက်ပြီးအစေခံတစ်ဦး၏ပုံစံ အနေအထားနှင့် တာဝန်တို့ကို ခံယူကာ ခြေထောက်များကို ဆေးကြောပေးခဲ့သည်။ မိမိသည် အစေခံရန် ကြွလာခဲ့သည်ဟူ၍ မိန့်ကြားခဲ့သည်။ ထို့ကြောင့် မိမိ၏အမှုတော်ဆောင်လုပ်ငန်းတွင် မိမိကဲ့သို့သော လူသားများအပေါ်၌ ဘုရားသခင်၏ခံယူချက်ကို ထားရှိပြီး ဘုရားသခင်၏အခွင့်အာဏာနှင့် ပြောဆိုကာ နာမတော်ကိုလည်း အသုံးပြုခဲ့ကြသည်။"ဧမာနွေလ"တည်းဟူသော ကျွန်ုပ်တို့နှင့်အတူရှိတော်မူသော ဘုရားသခင် ပင်ဖြစ်သည်။

"ဘုရားသခင်နှင့်ပြိုင်သောအမှုကို လုယူခြင်းအမှုဟု မထင်မမှတ်" အနက်ဖော်ပြဆိုချက်တွင် "ဘုရားသခင်နှင့်တန်းတူဖြစ်မှုကို စွဲကိုင်ခြင်း" မပြုခဲ့ပေ။ ထိုကဲ့သို့ တန်းတူဖြစ်မှုသည် သခင်ယေရှု၏သစ္စာရှိသော အစေခံခြင်းအတွက် အကြီးမားဆုံးသောရလဒ်ဖြစ်သည်။

"ဘုရားသခင်သည် ကိုယ်တော်ကို အလွန်ချီးမြှောက်၍ ဘွဲ့နာမတကာတို့ထက် ကြီးမြတ်သော ဘွဲ့နာမကို ပေးသနားတော်မူ၏။ အကြောင်းမူကား ကောင်းကင်သတ္တဝါ၊ မြေကြီးသတ္တဝါ၊ မြေကြီးအောက်၌ရှိသော သတ္တဝါတည်းဟူသော ခပ်သိမ်းသောသတ္တဝါတို့သည် ယေရှု၏ဘွဲ့နာမတော်ကို ဒူးထောက်၍ ယေရှုခရစ်သည် သခင်ဖြစ်တော်မူ၏ဟု နှုတ်နှင့်ဝန်ခံသဖြင့် ခမည်းတော်ဘုရား၏ဘုန်းအသရေတော်ကို ထင်ရှားစေကြမည်အကြောင်းတည်း" (ဖိလိပ်၊ ၂း၉–၁၁)။

ရှင်ပေါလု၏စိတ်အတွေးအခေါ်တွင်ရှိသော တန်းတူဖြစ်မှုသည် ဘုရားသခင်၏ပိုင်ဆိုင်မှုအား ဝေမျှအုပ်စိုးခြင်းကို ဆိုလိုသည်။ ဘုရားသခင်နှင့်အဆင့်အတန်းတူညီမှုကို မဆိုလိုကြောင်း ရှင်ပေါလုက အောက်ပါကျမ်းချက်အားဖြင့် အဆုံးသတ်ဖော်ပြသည်။

"ခမည်းတော်ဘုရား၏ဘုန်းအသရေတော်ကို ထင်ရှားစေမည်အကြောင်းတည်း။"

သခင်ယေရှုသည် မိမိ၏ကိုယ်ပိုင်အလိုဆန္ဒအရ အခွင့်အာဏာအတွက် အထိပ်ကိုစွဲကိုင်ရန် မကြံရွယ်ခဲ့ပေ။ ဘာသာစကားအရ အဆက်အသွယ်မရှိခဲ့သော်ငြားလည်း ဧဒင်ဥယျာဉ်၏ အဖြစ်အပျက်နှင့် နှိုင်းယှဉ်ခြင်းသည် တမူထူးခြားသည်။ ဘုရားသခင်တားမြစ်ထားသည့် အသီးကို စားလျှင် မသေရုံသာမကဘဲ ဘုရားသခင်ကဲ့သို့ဖြစ်ပြီး အဆိုးနှင့်အကောင်းတို့အား ခွဲခြားသိရှိနိုင်မည်ဖြစ်ကြောင်း ဧဝကို မြွေကပြောကြားသည့်အခါ သူမယုံကြည်ခဲ့သည်။ ဘုရားသခင်နှင့်တန်းတူဖြစ်မည်ဟုဆိုသောကြောင့် သူမသည် မိမိစိတ်ဆန္ဒအရ ဆုလဒ်အားစွဲကိုင်ရယူရန် ကြိုးစားခဲ့သည်။ အာဒံသည်လည်း သူမ၏လမ်းစဉ်သို့ လိုက်လျှောက်ခဲ့သည်။ သခင်ယေရှု၏နည်းလမ်းကမူ ဤကဲ့သို့ မဟုတ်ပေ။ ဂေသရေမန်ဥယျာဉ် ၌နောက်ဆုံးသော ဆုတောင်းချက်မှာ မိမိ၏အသက်တာလမ်းစဉ်ပင် ဖြစ်ခဲ့ ပေသည်။ "ကျွန်ုပ်အလိုရှိသည်အတိုင်း မဖြစ်ပါစေနှင့်။ ကိုယ်တော်အလိုရှိသည်အတိုင်း ဖြစ်ပါစေသော" (မဿဲ၊ ၂၆း၃၉)။

သခင်ယေရှုသည် မိမိအတွက် ထင်ပေါ်ကျော်ကြားမှု မရယူခဲ့သည်ကို "အစေခံကျွန်၏သဏ္ဍာန်"ဟူသော ဝေါဟာရအားဖြင့် သိရ သည်။ လူသားများအကြားတွင် လှည့်လည်သွားလာရာ၌ ကိုးကွယ်ထိုက် သည့် မင်းသားတစ်ပါးအနေနှင့် မဟုတ်ဘဲ ဟေရှာယပရောဖက်ပြုခဲ့သည့် အတိုင်း ဘုရားသခင်၏အစေခံ ပုံသဏ္ဍာန်ကိုသာ ခံယူသည်။

"အကြောင်းမူကား၊ ငါတို့သခင်ယေရှုခရစ်သည် စည်းစိမ်ရှိသော်လည်း ဆင်းရဲတော်မူခြင်းအားဖြင့် သင်တို့သည် စည်းစိမ်ရှိစေခြင်းငှာ သင်တို့အတွက်ကြောင့် ဆင်းရဲခြင်းကို ခံတော်မူသော ကျေးဇူးတော်ကို သင်တို့ သိကြ၏" (၂ကော၊၈း၉)။

သခင်ယေရှုသည် "လူကဲ့သို့သော အဖြစ်၌ ဘွားမြင်ခြင်း"ခံခဲ့သည်။ လူကဲ့သို့သောအဖြစ် ဟူသော ဝေါဟာရသည် သဏ္ဍာန်တူသော်လည်း ထပ်တူညီခြင်းမရှိဟူသော အဓိပ္ပါယ်မပေါက်နိုင်ပေ။ ကျွန်ုပ်တို့တွေ့ရှိရပြီဖြစ်သော ဓမ္မသစ်ကျမ်း၏အလေးပေး သက်သေခံချက်အရ မိမိညီအစ်ကိုတို့နှင့် လုံးလုံးတူရသောအကြောင်း အသွေးအသားနှင့်ဆက်ဆံ ကြသောကြောင့် မိမိတို့တွေ့ကြုံခံစားရသော စုံစမ်းခြင်းအလုံးစုံကိုလည်း ခံစား ရသည်(ဟေဗြဲ၊၂း၁၄၊၁၇၊၄း၁၅)။ သဏ္ဍာန်တူညီမှုသည် လူ၏ ဂုဏ်အင်္ဂါလက္ခဏာနှင့်ပြည့်စုံလျက်ရှိကြောင်း အသိအမှတ်ပြုခြင်းဖြစ်သည်။

ဤခက်ခဲရှုပ်ထွေးသော သမ္မာကျမ်းချက်သည် ဓမ္မသစ်ကျမ်းတွင်ပါရှိသော ကျန်သွန်သင်မှုများနှင့်လုံးဝ ကိုက်ညီမှုရှိကြောင်း တွေ့ရသည်။ သခင်ယေရှုသည် ရာနှုန်းပြည့်လူသား ဖြစ်သော်ငြားလည်း ဘုရားသခင်၏သားတော်ဖြစ်သည်။ သူ၏ထူးခြားသောအဆင့်တွင် ခံစားရသော ကိုယ်ပိုင်ပြည့်စုံမှုနှင့်မာန်မာနတို့ကို ဘေးဖယ်ပြီး နှိမ့်ချမှုအားဖြင့် သူတစ်ပါး အတွက်ရွေးနှုတ်ခြင်းလုပ်ဆောင်သဖြင့် စစ်မှန်သော ယုံကြည်သူများအတွက်ပုံဥပမာဖြစ်လာပေသည်။

၇။ "အကျွန်ုပ်၏အရှင်၊ အကျွန်ုပ်၏ဘုရားသခင်ပါတကား" (ယောဟန်၊ ၂၀း၂၈)။

သောမ၏နှုတ်ထွက်စကားများဖြစ်ပြီး လက်တော်နှင့်နံလေးတော်တွင် တွေ့ရှိရသည့် သံချက်၊ လှံချက်တို့အားဖြင့် သခင်ယေရှု ရှင်ပြန်ထမြောက်ခြင်းဖြစ်ရပ်မှန်အား လက်ခံယုံကြည်ကာ သခင်ယေရှုသည်ဘုရားသခင်ဖြစ်သည်ဟူသော ထွက်ဆိုချက်အတွက် မကြာခဏ သက်သေအထောက်အထားအနေနှင့် ရည်ညွှန်းကြသည်။ သို့ရာတွင်ဆိုလိုရင်းအားကျွန်ုပ်တို့ သဘောပေါက်နားလည်နိုင်ပါသလား။ ဘုရားသခင်၏ "နာမတော်"အကြောင်း သမ္မာကျမ်း သွန်သင်သော သော့ချက်ကို တွေ့နိုင်သည်။ ဘုရားသခင်သည် ဣသရေလသို့ မောရှေမှတဆင့် အောက်ပါ စည်းကမ်းချက်များအား ကြေညာခဲ့သည်။

"ထာဝရဘုရား၊ ထာဝရဘုရား ချစ်သနားခြင်းမေတ္တာကရုဏာနှင့် ပြည့်စုံ၍ စိတ်ရှည်ခြင်း၊ ကျေးဇူးပြုခြင်း၊ သစ္စာစောင့်ခြင်းနှင့်ကြွယ်ဝတော်မူထသော အထောင်အသောင်းမျှသော သူတို့အား သနားခြင်း၊ ကျေးဇူးတရားကို စောင့်တော်မူထသော၊ အဓမ္မကျင့်ခြင်း၊ တရားတော်ကို လွန်ကျူးခြင်း ပြစ်မှားခြင်းအပြစ်တို့ကို ဖြေလွှတ်သော်လည်း အချည်းနှီးသက်သက် ဖြေလွှတ်တော်မမူထသော သားစဉ်မြေးဆက် တတိယအဆက်၊ စတုတ္ထအဆက်တိုင်အောင် အဘတို့၏အပြစ်ကို သားတို့၌ဆပ်ပေးစီရင်တော်မူသောဘုရားသခင်ဟု ကြွေးကြော်တော်မူ၏" (ထွက်၊၃၄း၆–၇)။

ဤကျမ်းပိုဒ်ကို ကြည့်ခြင်းအားဖြင့် ဘုရားသခင်၏နာမတော်သည် မိမိကိုယ်မိမိ အကျင့်စရိုက်ကောင်းမွန်သော ပုဂ္ဂိုလ်ဟူ၍ ဖော်ပြခြင်းဖြစ်သည်။ ဘုရားသခင်၏စရိုက်သဘာဝဖြစ်သည်။ သို့ရာတွင် နာမတော်သည် တစ်ပါးသူတစ်ဦးကိုလည်း မှည့်ခေါ်နိုင်သည်။ ဣသရေလတို့အားကန္တာရထဲ၌ မိန့်ဆိုခဲ့သည့် ထွက်ဆိုချက်များအား လေ့လာကြည့်ပါ။

"ကြည့်ရှုလော့၊ လမ်းခရီး၌ သင့်ကို စောင့်ရှောက်၍ ငါပြင်ဆင်နှင့်သောအရပ်သို့ ပို့စေခြင်းငှါ၊ ကောင်းကင်တမန်ကို သင့်ရှေ့၌ ငါစေလွှတ်၏။ ထိုတမန်ကို ရိုသေစွာပြုလော့။ စကားတော်ကို နားထောင်လော့။ အာဏာတော်ကို မဆန်နှင့်။ သင်တို့ပြစ်မှားသောအပြစ်ကို သူသည်မလွှတ်၊ ငါ့နာမည်သည်သူ၌တည်ရှိ၏" (ထွက်၊ ၂၃း၂၀–၂၁)။

ကောင်းကင်တမန်သည် ကာလရေလအတွက် ရပ်တည်ပေးမည်ဖြစ်ကြောင်း ဤထူးခြားအံ့သြဖွယ်ရာ ကျမ်းပိုဒ်အရ ဖော်ပြလျက်ရှိသည်။ ကောင်းကင်တမန်သည် ဘုရားသခင်၏ နှုတ်ထွက်စကားများကို ၄င်းတို့ထံသို့ ပြန်ကြားပြီး တရားစီရင်မည်။ အမှန်မှာ ကောင်းကင်တမန် သည် ဘုရားသခင်၏အမည်နာမအား သရုပ်ဖော်သည်။ ၄င်းတို့အတွက် ဘုရားသခင်ဖြစ်သည်။ ဘုရားသခင်၏ကောင်းကင်တမန်သည် ဤမျှလုပ်ဆောင်ပေးမည်ဖြစ်ပါက ဘုရားသခင်၏သားတော်ကိုယ်တိုင်သည် မည်မျှလုပ်ဆောင်ပေးမည်နည်း။

"ထာဝရအသက်ဟူ၍ကား၊ မှန်သောဘုရားသခင်တဆူတည်းဖြစ်တော်မူသော ကိုယ်တော်ကို၄င်း၊ စေလွှတ်တော်မူသော ယေရှုခရစ်ကို၄င်း၊ သိကျွမ်းခြင်းတည်း"။

"ဤလောကထဲမှ အကျွန်ုပ်၌အပ်ပေးတော်မူသော သူတို့အား အကျွန်ုပ်သည် ကိုယ်တော်၏နာမကိုပြပါပြီ"။

သန့်ရှင်းတော်မူသောအဘ၊ ကိုယ်တော်နှင့်အကျွန်ုပ်သည် တစ်လုံးတစ်ဝတည်းဖြစ်သကဲ့သို့ ကျွန်ုပ်အား ပေးတော်မူသော ဤသူတို့သည်ဖြစ်ရပါမည်အကြောင်း၊ သူတို့ကို ကိုယ်တော်၏နာမ၌တည်စေတော် မူပါ" (ယောဟန်၊ ၁၇း၃၊၆၊၁၁)။

"ငါသည် ခမည်းတော်နှင့်တလုံးတဝတည်းဖြစ်သည်" (ယောဟန်၊၁၀း၃၀)။

သခင်ယေရှုသည် အဖခမည်းတော်နှင့်စိတ်ပိုင်း၊ ဝိညာဉ်ပိုင်းပေါင်းစည်းမှုခံစားရသဖြင့် "ငါ့ကိုမြင်သောသူသည် ခမည်းတော်ကိုမြင်၏" (ယောဟန်၊၁၄း၉)ဟူ၍ ပြောဆိုနိုင်ခြင်းဖြစ်သည်။ သခင်ယေရှုသည် ဘုရားသခင်၏နှုတ်ထွက်စကားများကို ဖော်ပြပြီး ဘုရားသခင်၏သမ္မာတရား၊ တရားစီရင်ချက်များအား ကြေညာခဲ့သည်။ အတိုချုပ်ပြောရလျှင် ဘုရားသခင် ကိုယ်တော်တိုင် တည်ရှိနေခြင်းဖြစ်သည်။ ထို့ကြောင့် သောမ၏"အကျွန်ုပ်၏အရှင်၊ အကျွန်ုပ်၏ဘုရားသခင်ပါတကား"ဟူသော ထွက်ဆိုချက်သည် ဘုရားသခင်၏ သွန်သင်မှုနှင့်ကိုက်ညီပေသည်။ သောမသည် ယခင်က ထိုစကားကို ကြားဖူးသော်လည်း ယခုမှသာလျှင် သဘောပေါက် နားလည်ပေတော့သည်။

၈။ "သင်တို့သည် သွား၍ လူမျိုးတကာတို့ကို ငါ့တပည့်ဖြစ်စေလျက်၊ ခမည်းတော်၊ သားတော်၊ သန့်ရှင်းသောဝိညာဉ်တော်၏နာမ၌ ဗတ္တိဇံကိုပေးကြလော့" (မဿဲ၊ ၂၈း၁၉)။

ဤအကြောင်းအရာသည်လည်း နာမတော်နှင့်သက်ဆိုင်သဖြင့် ရှင်းလင်းဖော်ပြရန် သင့်တော်ပေသည်။ တစ်ခါတစ်ရံ ခံယူကြသကဲ့သို့ သုံးပါးတစ်ဆူ ပုံသေနည်းမဟုတ်ပေ။ ဘုရားသခင်၏ရွေးနှုတ်ခြင်း ရည်ရွယ်ချက်အား အဆင့်(၃)ဆင့်ဖြင့် ကြေညာခြင်းဖြစ်သည်။ ခမည်းတော်၏နာမတော်အား သန့်ရှင်းမြင့်မြတ်ခြင်း၊ သမ္မာတရားနှင့်သနားခြင်း ကရုဏာ၌ ရှင်းလင်းဖော်ပြထားပြီးဖြစ်သည်(ထွက်၊၃၄)။ ထိုနာမသည် ဘုရားသခင်၏ ဖြောင့်မတ်ခြင်းအားဖြင့် ပေါ်လွင်ထင်ရှားခဲ့သည်။ ယုံကြည်ပြီး ရေနှစ်ခြင်းခံသူများ ကယ်တင်ခြင်းရရှိဖို့ရန် မိမိ၏ဝိညာဉ်အားဖြင့် ဆောင်ရွက်ခဲ့သည်။ သားတော်သည် ကြီးမားသော လုပ်ဆောင်မှုများ "ဝိညာဉ်တော်၏ စိတ်တော်"တို့အား ပုံရိပ်ဖော်ဆောင်ခြင်းအားဖြင့် သန့်ရှင်းသောဝိညာဉ် တော်တည်းဟူသော ဘုရားသခင်၏ဝိညာဉ်တော်ကို ပေါ်လွင်ထင်ရှားစေခဲ့သည်။ ထို့ကြောင့် နာမ(၃)ခု မဟုတ်တော့ဘဲ တစ်ဆူတည်းသော ဘုရားသခင်အား ပေါ်လွင်ထင်ရှားစေခြင်းဖြစ်သည်။ ဓမ္မသစ်ကျမ်းတွင် ပါဝင်သည့် အခြားသွန်သင်မှုများနှင့်လည်း ကိုက်ညီမှုရှိသည်။

၉။ “သားတော်ကိုကား အိုဘုရားသခင်၊ ကိုယ်တော်၏ပလ္လင်သည် နိစ္စ ထာဝရပလ္လင်ဖြစ်ပါ၏။ ကိုယ်တော်၏နိုင်ငံသည် တရားသဖြင့် စီရင်သော နိုင်ငံဖြစ်ပါ၏။ ကိုယ်တော်သည် ဖြောင့်မတ်ခြင်း၊ တရားကို နှစ်သက်၍ မတရားသောအမှုကို မုန်းတော်မူ၏။ ထို့ကြောင့် အိုဘုရားသခင် ကိုယ်တော်၏ဘုရားသခင်သည် ကိုယ်တော်၏အပေါင်းအဖော်တို့ထက် ကိုယ်တော်ချီးမြောက်၍ ဝမ်းမြောက်ခြင်းဆီနှင့် ဘိသိက်ပေးတော်မူပြီ ဟုလာသတည်း”(ဟေဗြဲ၊ ၁း၈–၉)။

ဟေဗြဲဩဝါဒစာ၏နိဒါန်းတွင် တမန်တော်ရှင်ပေါလု၏ ရည်ရွယ်ချက်အား အစဉ်သတိပြုရမည်။ ရှေးမဆွက ဘုရားသခင်သည် ပရောဖက်များမှတဆင့် ပြောဆိုလေ့ရှိသည်။ ယခုအခါတွင် မိမိ၏လက်ျာဘက်၌ ချီးမြောက်ထားရှိသော သားတော်အားဖြင့် ပြောဆိုသည်။ သားတော်သည် ကောင်းကင်တမန်များထက် ကြီးမြတ်သည်။ ၎င်းတို့သည် ဘုရားသခင်၏ အစေခံများဖြစ်ပြီး ဘုရားသခင်၏သားတော်သည် “သားဦးဖြစ်သည်။ လာလတံ့သောခေတ်ကာလ၏ခန့်ထားခြင်းခံရသည့် ရှင်ဘုရင်ဖြစ်သည်။ ဆာလံ၊ ၈၉မှ ပရောဖက်ပြုချက်က အထောက်အကူ ပြုသည်။

“အကယ်စင်စစ် သူ့ကို သားဦးအရာ၌ခန့်ထား၍ လောကီရှင်ဘုရင်တို့အပေါ်မှာ ချီးမြောက်မည်”(ဆာလံ၊ ၈၉း၂၇)။

သားတော်၏နိုင်ငံတော်အား အထက်ပါ ဖော်ပြသည့် ဟေဗြဲကျမ်းတွင် ရည်ညွှန်းဖော်ပြထားသည်။ သားတော်၏စရိုက်လက္ခဏာနှင့် ပတ်သက်ပြီး သက်သေခံချက်အား သတိပြုပါ။ သားတော်သည် ဖြောင့်မတ်ခြင်းတရားကို မြတ်နိုးပြီး မတရားသောအမှုကို ရွံ့ရှာသည်။ ထို့ကြောင့် ဘုရားသခင်သည် မိမိအား ချီးမြောက်ခဲ့သည်။

ဘုရားသခင်သည် Elohim တည်းဟူသော အခေါ်အဝေါ်အား သားတော်နှင့်ပတ်သက်ပြီး အသုံးပြုရာ၌ စာရေးသူသည် အမှတ်စဉ်(၁)တွင် ဖော်ပြထားသည်။ (Elohim)နှင့် ပတ်သက်သော လေ့လာသုံးသပ်ချက်များအား ပြန်လည်ပြီး ရည်ညွှန်းရမည်။ ဣသရေလနိုင်ငံ၏ တရားသူကြီးများနှင့် ကောင်းကင်တမန်များအတွက် အသုံးပြုနိုင်လျှင် သားတော်နှင့်ပတ်သက်၍ ကျင့်သုံးခြင်းသည် အဆန်းမဟုတ်တော့ပေ။

ထူးခြားသည်မှာ တမန်တော်ပေါလု ဆက်လက်၍ ဖော်ပြသော ကျမ်းချက်ဖြစ်သည်။ သားတော်သည် ဖြောင့်မတ်ခြင်းတရားကို မြတ်နိုးပြီး မတရားသောအမှုကို ရွံ့ရှာသောကြောင့် “ဘုရားသခင်၊ သင်၏ဘုရားသခင်သည် ဘိသိက်ခြင်းဖြစ်သည်။” သမ္မာကျမ်း၏ဖော်ပြချက်တွင် သခင်ယေရှုအား ဘုရားသခင်ဟူ၍ ညွှန်ပြလျက်ရှိခြင်းသည် ဘုရားသခင်၏ ဂုဏ်အင်္ဂါရပ်နှင့် ပြည့်စုံခြင်းဖြစ်သည်။ သို့သော် သာ၍ကြီးမြတ်သည့် ခမည်းတော်ဘုရား ရှိ၍၊ ဘုန်းအသရေတော်ကို ထင်ရှားစေခြင်းဖြစ်သည်။ (ဖိလိပိ–၂း၁၁)။

၁။ “တဖန် ကျမ်းစာလာသည်ကား၊ အို၊ ထာဝရဘုရား၊ ကိုယ်တော်သည် ရှေးဦးစွာ၌ မြေကြီးကို တည်တော်မူပြီ။ မိုဃ်းကောင်းကင်သည်လည်း လက်တော်နှင့် ဖန်ဆင်းသောအရာဖြစ်ပါ၏။ ထိုအရာတို့သည် ပျက်စီးခြင်းသို့ရောက်သော်လည်း ကိုယ်တော်သည် အမြဲတည်တော်မူ၏။ ထိုအရာရှိသမျှတို့သည် အဝတ်ကဲ့သို့ဟောင်းနွမ်းခြင်းသို့ရောက်၍ ကိုယ်တော် သည် ဝတ်လုံကို လိပ်သကဲ့သို့ လိပ်တော်မူသဖြင့် ပြောင်းလဲခြင်းရှိကြ သော်လည်း ကိုယ်တော်သည်ပြောင်းလဲ တော်မမူပါ(ဟေဗြဲ၊၁း၁၀–၁၂)။ ဤအချက်သည် ဆာလံ၊ ၁၀၂တွင် ပါရှိပြီး အဓိပ္ပါယ်ဖော်ထုတ်ချက်မလွဲမှားစေရန် အစမှအဆုံး ဖတ်ရှုရမည်။ ဆာလံဆရာသည် မိမိ၏ဝေဒနာခံစားမှုများအတွက် ညည်းတွားနေသော်လည်း “အိုထာဝရ

ဘုရား၊ ကိုယ်တော်သည် နိစ္စထာဝရဖြစ်တော်မူ၏။ ထတော်မူပါ၊ ဇိအုန်မြို့ကို သနားတော်မူပါ။ တပါးအမျိုးသားတို့သည် ထာဝရဘုရား၏နာမတော် ကိုငင်း၊ လောကီရှင်ဘုရင်အပေါင်းတို့သည် ဘုန်းတော်ကို ငင်းကြောက်ရွံ့ ကြပါလိမ့်မည် (အငယ်၊၁၂နှင့်၁၅)။ နိုင်ငံတကာ အပေါ်တွင် ဘုရားသခင်၏ အုပ်စိုးမှုအတွေးအခေါ်အား ထပ်မံဖော်ပြထားသည်။ "အတိုင်းတိုင်း အပြည်ပြည်သော လူမျိုးတို့သည် ထာဝရဘုရား၏ဝတ်ကို ပြုလျက်စုဝေး ကြသောအခါ" (အငယ်၊၂၂)။

ဆက်လက်ပြီး ဆာလံဆရာသည် ဘုရားသခင်၏သစ္စာရှိသော အစေခံတစ်ဦး ခံစားရသော ဝေဒနာအမျိုးမျိုးတို့အား ဖော်ပြပြီး ဘုရားသခင်သည် အရာခပ်သိမ်းတို့၏ထာဝရဖန်ဆင်းရှင်ဖြစ်ခြင်းအရာ၌ နှစ်သိမ့်မှုကို ရရှိသည်။

"ငါလျှောက်သောအချက်ဟူမူကား အို ကျွန်ုပ်၏ဘုရား၊ အကျွန်ုပ်ကို အသက်ပျိုစဉ်ပင် ပယ်ရှင်းတော်မမူပါနှင့်။ ကိုယ်တော်၏ နှစ်တို့သည် ကာလအစဉ်အဆက် မြဲကြပါ။ ကိုယ်တော်သည် ရှေးဦးစွာ၌ မြေကြီးကို တည်တော်မူပြီ။ မိုဃ်းကောင်းကင်သည်လည်း လက်တော်နှင့် ဖန်ဆင်းသောအရာဖြစ်ပါ၏" (ဆာလံ၊၁၀၂း၂၄၊၂၅)။

ဆာလံဆရာ၏ ယေဘုယျအတွေးအခေါ်မှာ ရှင်းလင်းသည်။ ခေတ်ကာလအသစ်ရောက်ရှိလာသောအခါ ကမ္ဘာလောကအတွင်းရှိ ဘုရင်အားလုံးသည် ဘုရားသခင်၏နာမတော်အား ချီးမြှောက်ပြီး "ကိုယ်တော်ကျွန်တို့၏သားမြေးတို့သည်တည်၍၊ အမျိုးအနွယ်သည်လည်း ရှေ့တော်၌ မြဲမြံပါလိမ့်မည်" (ဆာလံ၊၁၀၂း၂၈)။

ဟေဗြဲကျမ်းချက်တွင် တမန်တော်ပေါလုသည် နိုင်ငံတကာနှင့် ကမ္ဘာတစ်ဝန်းလုံး၌ ဘုရားသခင်၏ကြီးမြတ်မှုနှင့် ထာဝရသဘာဝ၏ ယေဘုယျအတွေးအခေါ်အား ပေါင်းစည်းပြီး သားတော်၏နိုင်ငံတော်အတွင်း၌ ကျင့်သုံးခဲ့သည်။ ဘုရားသခင်၏သားဦးသည် ကမ္ဘာလောကနှင့်ဘုရင်တကာတို့ကို အုပ်စိုးသောအရှင်ဖြစ်သည်။ ပေါလု၏ထွက်ဆိုချက်အရ ဘုရားသခင်သည် ကမ္ဘာလောကကြီးအား ဖန်ဆင်းသည့်အခါ သားတော်အား မိမိ၏အမြင်၌ထားရှိပြီး လုပ်ဆောင်ခဲ့သည်။ အမှတ်(၄)နှင့်(၅)တို့ကိုကြည့်ပါ။ သားတော်မှတစ်ဆင့် ကောင်းကင်သစ်နှင့်မြေကြီးသစ်တို့၏ ဖြောင့်မတ်သော အုပ်စိုးမှုသည် တည်ရှိလာမည်ဖြစ်သည်။ သားတော်သည် ယခုအခါတွင် ထာဝရတည်ရှိသည့်အတွက် သူ၏အုပ်စိုးမှုသည်လည်း ထာဝရတည်ရှိမည်ဖြစ်သည်။ သူ၏နှစ်ကာလသည် ဆုံးရှုံးမှုမရှိ ထာဝရတည်ရှိမည်ဖြစ်သည်။

ဤသမ္မာကျမ်းချက်တွင် လက်ရှိသမ္မာကျမ်းအား ခြုံငုံပြီး သွန်သင်မှုနှင့် သဟဇာတဖြစ်စေရန် အလွန်အရေးကြီးပုံကို နားလည်သဘောပေါက်ရမည်။ ဟေဗြဲသြဝါဒစာအခန်း(၁)၏အဓိကရည်ရွယ်ချက်မှာ ဘုရားသခင်၏အစေခံများဖြစ်သည့် ကောင်းကင်တမန်များထက် သားတော်နှင့်အရာခပ်သိမ်းတို့၏အမွေခံဖြစ်သော သခင်ယေရှု၏ကြီးမြတ်မှု၊ သာလွန်မှုကို ဖော်ပြခြင်းဖြစ်သည်။ (အငယ်၊၁၀–၁၂)တွင် ပါရှိသည့် အစိတ်အပိုင်းသည် ဤသဘောအားဖြင့် နားလည်သဘောပေါက်ရမည်။ ဘုရားသခင်သည် ကောင်းကင်နှင့်မြေကြီးအား ဖန်ဆင်းခြင်းလုပ်ဆောင်ချက်၊ ဘုရားသခင်၏ လက်တော်အောက်၌ သားတော်၏လုပ်ဆောင်ချက်များအား ဖော်ပြသည်။ "လူသားသည် မိမိဘုန်းအာနုဘော်ကို ဆောင်လျက် သန့်ရှင်းသော ကောင်းကင်တမန်များ၊ အခြံအရံတို့နှင့်တကွ ကြွလာတော်မူသောအခါ ဘုန်းရှိ သော ပလ္လင်တော်ပေါ်မှာထိုင်၍" (မဿဲ၊၂၅း၃၁)။

# နိဂုံး

စာမျက်နှာအနည်းငယ်၌ပင် ကမ္ဘာပေါ်တွင် အကြီးမားဆုံးသော လုပ်ဆောင်မှုအား ကျွန်ုပ်တို့ဆင်ခြင်စဉ်းစားနေကြပြီးဖြစ်သည်။ ကောင်းကင်ဘုံမှ ဘုရားသခင်၏ရည်ရွယ်ချက်သည် မိမိ၏ တစ်ပါးတည်းသော သားတော်မှတစ်ဆင့် လူသားတို့ကို ရွေးနှုတ်ရန်ဖြစ်သည်။ အပြစ်တရား ဖိစီးပြီး သေခြင်းတရားနှင့်ရင်ဆိုင်ရန် ကံကြမ္မာကြုံတွေ့နေရသည့် "ဘုရားသခင်၏နာမတော်"၌ တည်ရှိလိုသည့်ဆန္ဒရှိသော ယောကျ်ား၊ မိန်းမများကို ရွေးနှုတ်ကယ်တင်ရန်ဖြစ်သည်။ ထိုရည်ရွယ်ချက်၏အဓိက သရုပ်ဖော်ဆောင်ချက်အား သမ္မာကျမ်းထဲတွင် ရှင်းလင်းစွာဖော်ပြထားသည်။ ဘုရားသခင်သည် မိမိ၏တစ်ပါးတည်းသော သားတော်ထက် အဆင့်မနိမ့်ကျသည့် ရွေးနှုတ်ရှင်၏လိုအပ်ချက်အား ကနဦးကပင်ကြိုတင် တွေးဆသိရှိခဲ့သည်။

## ဘုရားသခင်၏ပညာတရားတည်းဟူသောခရစ်တော်

အစားထိုးရန်မဟုတ်ဘဲ၊ လုံး၀ကိုယ်စားပြုရန် သားတော်သည် လူသားအမျိုးအနွယ် အပြည့်အ၀ဖြစ်ရမည်။ ခရစ်တော်သည် မိမိ၏ သဘာ၀အလိုဆန္ဒများအား ဘေးဖယ်ပြီး ခမည်းတော်၏အလိုတော်ကို လုပ်ဆောင်ရန် ရွေးချယ်ခဲ့သည်။ ထို့ကြောင့် အပြစ်တရားအား မိမိပိုင်နယ်နိမိတ်ဖြစ်သည့် လူ့သဘာ၀၌ အနိုင်ရယူပြီး သခင်ယေရှုသည်လည်း အဓိကအပြစ်ဖြေရာအဖြစ် အသေခံခဲ့ရသည်။ "ဤလောက၏အပြစ်ကိုဆောင်သွားသော ဘုရားသခင်၏သိုးသငယ်ကိုကြည့်လော့"(ယောဟန်၊၁း၂၉)။ ထိုစဉ်ကပင် ယုံကြည်သူ ယောကျ်ား၊ မိန်းမများသည် ခရစ်တော်၌ အပြစ်ခွင့်လွှတ်ခြင်း၊ ဘုရားသခင်နှင့်ပြန်လည်ပေါင်းစည်းခြင်းတို့ကို ရခဲ့ကြသည်။

အံ့သြဖွယ်ကောင်းသောအချက်မှာ ဤကြီးမားသော လုပ်ဆောင်ချက်အား ယနေ့ထိ ဆက်လက်လုပ်ဆောင်နေခြင်းပင်ဖြစ်သည်။ သခင်ယေရှု၏ခေတ်ကာလ၊ သက်သေခံသည့်မြင်ကွင်းများနှင့် ကျွန်ုပ်တို့သည် အချိန်အတိုင်းအတာအားဖြင့် အလွန်ပင် ဝေးကွာကြာမြင့်ပြီးဖြစ်သည်။ သို့ရာတွင် ဘုရားသခင်၏ကြီးမားသော ကရုဏာကြောင့်ပင် ထိုအချိန်ကာလက ခရစ်တော်နှင့်တမန်တော်တို့သည် နာခံကြားနာလိုသူများအား ပြောခဲ့သည့်အရာများအား ယခုသိရှိ သဘောပေါက်နိုင်ကြသည်။ သို့ရာတွင် ဤအကြောင်းအရာများအား အခြားမည်သည့်နေရာတွင်မှ မတွေ့ရှိနိုင်ဘဲ သမ္မာကျမ်းထဲ၌သာတွေ့နိုင်သည်။ ကျွန်ုပ်တို့၏ရိုသေလေးစားမှု စိတ်နှိမ့်ချမှု နှင့် အလေးအနက် ဂရုပြုမှုအား သမ္မာကျမ်း၏စာမျက်နှာများက တောင်းဆိုနေပေသည်။ ကျွန်ုပ်တို့သည် အခြားမည်သည့်နေရာတွင် ရှာဖွေတွေ့ရှိနိုင်မည်နည်း။ ရှေးခေတ်က သခင်ယေရှုဖော်ပြသကဲ့သို့ပင် ၄င်းစာမျက်နှာများ အတွင်း၌ "ထာ၀ရအသက်နှုတ်ထွက်စကားများ"အား ရှာဖွေတွေ့ရှိနိုင်ပေသည်။